မူလဒွါရ မဟာနိကာယ ဂိုဏ်းကြီး၏

စည်းမျဉ်း ဥပဒေအရ

သာသနာတော်အတွင်းသို့ ဝင်ရောက်ကြသော

ဒုလ္လဘ၊ ရှင်လောင်း၊ ရဟန်းလောင်းများ လေ့ကျင့်ရန်

# ဒုလ္လဘ ပဗ္ဗဇိတ ဝတ္တဒီပက

## ကျင့်ဝတ်အကျဉ်း မြန်မာပြန်။

---

ရန်ကုန်မြို့၊ ရှမ်းလမ်း၊ မဟာရာဇိကာရှမ် ကျောင်းတိုက်၊

မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ သိရိဆရာတော်ဘုရား

စီစဉ်သည်။

---

၃၂-ခုနှစ်၊ နတ်တော်လ၊ တတိယအကြိမ်ရိုက်၊ အုပ်ရေ (၁၀၀၀)

အငြိမ်းစား သမဝါယမဝန် ဦးလှသောင်း - ဒေါ်အုန်းမေ

သား - သမီး - မြေးများ ကောင်းမှု။

၁၁
ရ

မူလဒွါရ မဟာနိကာယ ဂိုဏ်းကြီး၏
စည်းမျဉ်း ဥပဒေအရ
သာသနာတော်အတွင်းသို့ ဝင်ရောက်ကြသော
ဒုလ္လဘ၊ ရှင်လောင်း၊ ရဟန်းလောင်းများ လေ့ကျင့်ရန်

# ဒုလ္လဘ ပဗ္ဗဇိတ ဝတ္တဒီပကာ

## ကျင့်ဝတ်အကျဉ်း မြန်မာပြန်။

ရန်ကုန်မြို့၊ ရှမ်းလမ်း၊ မဟာရာဇိကာရုမ် ကျောင်းတိုက်၊
မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ သိရီဆရာတော်ဘုရား
စီစဉ်သည်။

★

၁၃၃၂-ခုနှစ်၊ နတ်တော်လ၊ တတိယအကြိမ်ရိုက်၊ အုပ်ရေ (၁၀၀၀)
အငြိမ်းစား သမဝါယမဝန် ဦးလှသောင်း - ဒေါ်အုန်းမေ
သား - သမီး - မြေးများ ကောင်းမှု။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၄၅၄၀)။

ထုတ်ဝေသူ။ ။ဦးဒေဝိန္ဒက၊
မဟာရာဇိကာရုံကျောင်းတိုက်၊
ရှမ်းလမ်း၊ ကြည့်မြင်တိုင်- ရန်ကုန်မြို့။
ကင်းလွတ်ခွင့်အမှတ် (၀၁၄၁၅)။

ပုံနှိပ်သူ။ ။ဦးကျော့မောင်၊
ပြည်သူ့မိတ်ဆွေပုံနှိပ်တိုက်၊
ပုံနှိပ်သူ မှတ်ပုံတင်အမှတ် (၀၂၀၄)၊
အမှတ် ၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်မြို့။

# မာတိကာ။


၁။ နိဒါန်း .... ၃

၂။ ဘုရားကန်တော့ရန် ... ၅

၃။ ဆရာထံ သင်္ကန်းကပ်နှင့်သင်္ကန်းတောင်း၊ ကန်တော့ရန် .... ၇

၄။ သာမဏေအဖြစ် တောင်းဆိုရန်ပါဠိ .... ၈

၅။ သရဏဂုံဆိုရန် .... ၉

၆။ ဥပဇ္ဈာယ်ယူရန်နှင့် သင်္ကန်း ဆွမ်းကို ဆင်ခြင်ရန် .... ၁၀

၇။ ကျောင်း ဆေးကို ဆင်ခြင်ရန် .... ၁၁

၈။ လိင် ၁၀-ပါး ပါဠိအနက် .... ၁၂

၉။ ဒဏ် ၁၀-ပါး ပါဠိ အနက် ... ၁၃

၁၀။ မြန်မာပြန်သေခိယ ၇၅-ပါးကို ပြဆိုခြင်း .... ၁၅

၁၁။ သာမဏေ,ရဟန်းများမချို့ပြုကျင့်ရသည့် ခန္ဓကဝတ် ၁၄ ပါး ၁၉

၁၂။ အဓိဋ္ဌာန် ဝိကပ္ပနာပြုပုံ .... ၂၁

၁၃။ ဒေသနာအငယ်ကြား ကျက်ရန် .... ၂၄

၁၄။ ဒေသနာ အကြီးကြားရန် .... ၂၅

၁၅။ မရှာမှီးအပ်သော အနေသန ၂၁-ပါး၊ နိဿယည်းယူရန် .... ၂၆

၁၆။ ပါရာဇိက လေးပါး .... ၂၇

၁၇။ သံဃာဒိသိသ် ၁၃-ပါး .... ၂၈

၁၈။ အနိယတ ၂-ပါး .... ၃၁

၁၉။ နိဿဂ္ဂိယပါစိတ်၊ စီဝရဝဂ် .... ၃၂

၂၀။ ဧဠကလောမဝဂ် .... ၃၄

၂၁။ ပတ္တဝဂ် .... ၃၅

၂၂။ ဘုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ် .... ၃၇

၂၃။ ဘူတဂါမဝဂ် .... ၃၈

၂၄။ ဘိုက္ခုနောဝါဒဝဂ် .... ၃၉

၂၅။ ဘောဇနဝဂ် ... ၄၀

၂၆။ အစေလကဝဂ် .... ၄၂

၂၇။ သုရာပါနဝဂ် .... ၄၃

## မာတိကာ


၂၈။ သပ္ပါယကဝင် .... ၄၄
၂၉။ သဟာဓမ္မိကဝင် .... ၄၆
၃၀။ ရတနဝဂ် .... ၄၈
၃၁။ ပါဋိဒေသနီ ၄-ပါး .... ၅၀
၃၂။ အဓိကရဏသမထ ၇-ပါး .... ၅၁
၃၃။ နေ့နတ်သား,လနတ်သား ဘုရားရှိခိုးနှင့် ရောင်ခြည်တော်
ခြောက်ပါး ဘုရားရှိခိုး .... ၅၂
၃၄။ ရေချမ်းတော်ကပ်ရန် .... ၅၃
၃၅။ ဆွမ်းတော်နှင့် ပန်းတော်ကပ်ရန် .... ၅၄
၃၆။ ဆီးမီးတော်ကပ်ရန် .... ၅၅
၃၇။ ဆွမ်း၊ ပန်း၊ ဆီမီး ရေချမ်းကပ် ဆုတောင်း .... ၅၆

# ဒုလ္လဘ–ရှင်,ရဟန်း ကျင့်ဝတ်စဉ်

## နိဒါန်း။

-ဗုဒ္ဓုပ္ပါဒေါဟိ ဒုလ္လဘော၊
တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ။ ။

ဟူသော သမန္တပါသာဒိက ဝိနည်း အဋ္ဌကထာအလို၊ သဗ္ဗညုတ ဉာဏ် ရှင် ရဟန်းဘုရင်စင်စစ် ဘုရားအဖြစ်ရဘို့သည် ခဲယဉ်းလှ၏။ ထို့ထက် ရှင်သာမဏေအဖြစ်ရဘို့နှင့် ရဟန်း ပဉ္စင်းအဖြစ်ရဘို့ကား အလွန်ဆကြူး အထူးခဲယဉ်းလှစွာ၏။ ။ဟူသော အဓိပ္ပါယ်ဖြစ်ရာ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘထက် ပဗ္ဗဇ္ဇိတဒုလ္လဘ, ဥပသမ္ပဒ ဒုလ္လဘတို့က သာလွန်ဆင့်ကဲ အလွန်ရခဲကြသည် ဟူ၍ ဆိုရာရောက်နေ၍ ထိုအဆိုကို လက်ခံနိုင်ရန် စဉ်းစား ဆင်ခြင်လိုက် သောအခါ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘသည် နိယတ ဗျာဒိတ် ရစ, အချိန်မှစ၍ လေးအသင်္ချေနှင့် ကပ္ပ တသိန်း ပါရမီဖြည့်၍ အချိန်စေ့လျှင် မချွတ်မယွင်း ရတော့သည် သာလျှင်တည်း။ ပဗ္ဗဇိတ ဒုလ္လဘနှင့် ဥပသမ္ပဒ ဒုလ္လဘကား၊ ထိုသို့အချိန်ကာလ, အတိအကျမရှိ၊ အဆင်သင့်သော အချိန်ကာလ၌သာ ရသည်ဖြစ်၍ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘထက် ရခဲသည်ဟူသော အဓိပ္ပါယ်ကို ယူဆ သော်ရင်း။ (တနည်း) ဗုဒ္ဓုပ္ပါဒ ပုဒ်အရ၊ ဘုရား ခန္ဓာတော်ကို မယူဘဲ ဘုရားဖြစ်ရာ ခေတ်ကာလကိုယူ၍ ဘုရားဖြစ်ရာ ခေတ်ကာလကို တွေ့ကြုံ ဘို့သည် ဒုလ္လဘတည်း။ ထို့ထက် ရှင်သာမဏေစစ်စစ်ဖြစ်ရဘို့နှင့် ရဟန်း ပဉ္စင်းဘဝ၏ ရခဲကြောင်းကို ကောင်းစွာ သိသင့်သိထိုက်, သိနိုင်သည်နှင့် အညီ ဤအချက်၌ ငါတို့၏ ဘုရားလောင်းကြီးပင်လျှင် လေးအသင်္ချေနှင့် ကပ္ပ တသိန်းအတွင်း မရေမတွက်နိုင်အောင် ဘဝပေါင်း များပါလျက် လည်း ကိုးကြိမ်မျှသာ, ပဗ္ဗဇိတဒုလ္လဘကို ရခဲ့သည်ဟု တွေ့ရသောကြောင့် အတိတ် ထို့ဤသံသရာဘဝ အလီလီက ပါရမီပုည ဒဗ္ဗသမ္ဘာ ရရှိသူလည်း ဖြစ်ပါမှ ယခုဘဝဝယ် သမ္မာဒိဋ္ဌိ အယူရှိသူလည်း ဖြစ်ပါမှ, ယောကျ်ား ကောင်းစင်စစ်သည်းဖြစ်ပါမှ, သာသနာတော်ကို ယုံကြည်လေးစား,သဒ္ဓါ တရားရှိသူလည်းဖြစ်ပါမှ, တနည်း၊ ပဋိရူပ ဒေသာဝါသ, ရတနာသုံးပါး စည်ကားရာအရပ်၌ ရောက်ရှိနေသူလည်းဖြစ်ပါမှ, သပ္ပုရိသ ဥပနိဿယ, ဆရာကောင်း သမားကောင်းကို မှီဝဲရသူလည်း ဖြစ်ပါမှ, ပုဗ္ဗေကတ

# နိဒါန်း။

ပညာတာ ရှေးရှေးလွန်လေပြီးဘဝတို့က ကုသိုလ်အထူး ဆည်းပူးခဲ့သူလည်း ဖြစ်ပါမှ, အတ္တသမ္မာပဏိဓိ မိမိစိတ်ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုမ္မနိုင် သူလည်းဖြစ်ပါမှ, ဤသို့သော ရှင်သာမဏေအဖြစ်နှင့် ရဟန်းပဉ္စင်းအဖြစ် ကို ရနိုင်လေသောကြောင့်၊ အကြင်ရွေ့မျှကာလပတ်လုံး သာသနာတော်၌ ပျော်မွေ့၏။ ပျော်မွေ့သမျှ ကာလပတ်လုံး ရှင်သာမဏေ ပီပီ သသ၊ ရဟန်းပဉ္စင်း ပီပီသသ နေတတ် ထိုင်တတ် ပြောတတ် ဆိုတတ် ဆည်းတတ် ဝတ်တတ် ကျင့်တတ် ကြံတတ်ရန် အရေးကြီးသောကိစ္စ,မသိ၍မဖြစ်သော ကိစ္စဖြစ်သည် အားလျော်စွာ၊ ရန်ကုန်မြို့ မဟာရာဇိကာရုမ်ကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ သိရိဆရာတော်ဘုရားသည်၊ ဒုလ္လဘရှင်ရဟန်းတို့၌ မချို့ ကုန်လုံ ကျင့်ဝတ်ပြည့်စုံ၍ သုံးဘုံသူ သုံးဘုံသားတို့၏ ဝတ်တွားကြည်ဖြူ အပူဇော်ခံနိုင်ကြကာ သတ္တလောကကြီး တရပ်လုံး ကောင်းကျိုးချမ်းသာ တိုးပွားရစေရန် ရည်သန်ခြင်းဆန္ဒ အာသီလူနာဖြင့်(ဒုလ္လဘ ရှင်ရဟန်းကျင့် ဝတ်စဉ်)ကျမ်းကို မြန်မာဘာသာသက်သက် ပါဠိမရော, မစွက်ဘဲ ပြက်ပြက် ထင်ထင်, အလွယ်တကူ သိမြင်ထက်ရှု နားလည်မှု ရရှိနိုင်ကြရန် စီစဉ် လိုက်သည်ဖြစ်ရာ သာသနာ့အရာ သာရဖက်ကို နှစ်နှစ်ကာကာ အားသာဆန္ဒ အလိုရှိကြကုန်သော သူတော်သူမြတ်တို့သည် ကပ္ပါဦးသူ လူအပေါင်းတို့ တပေါင်းလတနေ့ နေရောင်ကိုတွေ့ရ၍ ဇွေ့ဇွေ့ ခုန်လျှမ်းဖြာ ဝမ်းပန်း သာကြသကဲ့သို့ ယထာဘူတကျနမှန်သော် သာသနာ့ကျင့်စဉ်အမှန်ကို မျက်ပျံ့ ပတ္တမြား လက်တင်ထားသည့်ပမာ လင်းရှင်းသိရှိ သဘောမိကြ၍ လောကီ လောကုတ္တရာ သာသနာ့အရသာကို ဝစွာသုံးစား အပြုံးပွားပြီး ကောင်း လေစွဟု ကြုံးဝါးနိုင်ကြသည့်အာယိ အကျိုး ရှိကြပါကြောင်း ဘုရား လောင်းတို့ထုံး နှလုံးမူလျက် ဤမည်သော(ဒုလ္လဘရှင်ရဟန်းကျင့်ဝတ်စဉ်) ကို သေသပ်မှန်ကန်စွာ တင်ပြလိုက်ရသည် ဖြစ်ပါသတည်း။ ။


ဆရာတော် ဦးဉာဏစာရ

မြို့တောင်ဓမ္မာဘာင်းပြည့်ကျောင်းတိုက်

မင်းလှမြို့၊

သာယာဝတီခရိုင်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဥက္ကာ ဝံသ မိရံဝန္ဒေ၊

၁။ ရှင်သာမဏေလောင်းများအား ဆံချခြင်း အမှုမပြုမီ ဆံချပေး မည့် ပုဂ္ဂိုလ်က ရှေးဦးစွာ သံဃာတော်များအား ပန်ကြားခြင်း (ဘဏ္ဍုကံဆောင်) အမှုကို ပြုအပ်၏။ ။

### ဘဏ္ဍုကံဆောင်ရန်

ရှင်လောင်း တပါးတည်း အတွက်။

**ပါဠိ။** ။သံဃံ ဘန္တေ ဣမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ။

**အနက်။** ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃံ၊ သံဃာတော်ကို။ ဣမဿဒါရကဿ၊ ဤသတိုးသားအား။ ဘဏ္ဍုကမ္မံ၊ ဆံချခြင်းအမှုကို။ အာပုစ္ဆာမိ၊ ပန်ကြားပါ၏ ဘုရား။ ။

### ရှင်လောင်းအများအတွက်

**ပါဠိ။** ။သံဃံ ဘန္တေ ဣမေသံ ဒါရကာနံ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ။

**အနက်။** ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃံ၊သံဃာတော်ကို။ ဣမေသံဒါရကာနံ၊ ဤသတိုးသားအား။ ဘဏ္ဍုကမ္မံ၊ ဆံချခြင်းအမှုကို။ အာပုစ္ဆာမိ၊ ပန်ကြားပါ၏ ဘုရား။ ။

(မှတ်ချက်)။ခဏ္ဍသိမ် အတွင်း၌ ဆံချခြင်း အမှုပြုခဲ့သော် ဘဏ္ဍုကံဆောင် ဘွယ်မလို။

၂။ ရှင်သာမဏေလောင်းများ ရှေးဦးစွာ ရရှိရန် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း(၃၂-ကောဋ္ဌာသ)။

တစပဉ္စက,ပါဠိ။ –(ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊) အနုလုံ၊ (တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ) ပဋိလုံ၊

မြန်မာလို။–(ဆံပင်၊ မွေးညှင်း၊ခြေသီး-လက်သည်း၊ သွား၊အရေထူ-အရေပါး၊ (အရေထူ-အရေပါး၊သွား၊ ခြေသည်း-လက်သည်း၊ မွေးညှင်း၊ဆံပင်၊

ဝက္ကပဉ္စက။ ။မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊
။ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊

မြန်မာ။ ။အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချင်ဆီ၊ အညှို့၊
။ အညှို့၊ ရိုးတွင်းချင်ဆီ၊ အရိုး၊ အကြော၊ အသား၊

ပပ္ဖါသပဉ္စက။ ။ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊
။ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊

မြန်မာ။ ။နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊
။ အဆုပ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊

မတ္ထလုင်္ဂပဉ္စက။ ။အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊
။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊

မြန်မာ။ ။အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊
။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊

မေဒဆက္က။ ။ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊
။ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ၊

မြန်မာ။ ။သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊
။ ။အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊

မုတ္တဆက္က။ ။အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ၊
။ မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု၊

မြန်မာ ။မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊
။ ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။

အထက်ပါအတိုင်း အနုလုံ-ပဋိလုံ ( အသွား-အပြန် ) ဆိုတတ်အောင် သင်ကြားပါ။ ခြောက်ဆုံး ကာယပဉ္စက, ကမ္မဋ္ဌာန်း ငါးပါးကို အနုလုံ-ပဋိလုံ ရပါစေ။ ။

## ၃။ ဆရာထံ သက်န်း ကပ်လှူရန် ပါဠိ

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ
ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

( အနက် )

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခနိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော, သံသရာဝဋ်ဆင်းရဲမှ,လွတ်မြောက်ရာနိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ, မျက်မှောက်ပြုပါရခြင်း အကျိုးငှာ။ ဣမံ ကာသာဝံ၊ အကျွန်ုပ် လက်၌ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ၊ ယူတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန် ဘုရား။ ။

## ၄။ ဆရာထံမှ သင်္ကန်းကို တောင်းရန် ပါဠိ

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ တံ
ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။ ။

( အနက် )

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ,လွတ်မြောက်ရာနိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ၊ တံ ကာသာဝံ၊ အရှင်ဘုရားလက်တော်၌ ရှိသော, ထိုသင်္ကန်းကို။ ဒတွာ၊ ပေးတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန် ဘုရား။ ။

## ၅။ ကန်တော့ ပူဇော်ရန်

ဩကာသ.... ဩကာသ.... ဩကာသ၊ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ တည်းဟူသော သုံးပါးကုန်သော ဒွါရတို့ဖြင့် ဘုရား....ရတနာ

တရား....ရတနာ၊ သံဃာ....ရတနာ၊ ရတနာ မြတ်သုံးပါး ဆရာသမားတို့အား ညွတ်တွား ႏရိုကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ ကန်တော့ပါ၏။ ပူဇော်ပါ၏။ ဤသို့ ရှိခိုးရသော ကန်တော့ရသော ပူဇော်ရသော ကုသိုလ်ကံစေတနာတို့ကြောင့် လူနတ်ချမ်းသာ ဟောသည့်တွင်၊ ဝိမောက္ခ ဈာန်၊ မဂ်လေးဝ၊ ဖိုလ်လေးတန် နိဗ္ဗာန် ချမ်းသာမြတ်ကို ဘဝတိုတိုဖြင့် ရ,ရပါလို၏ အရှင်ဘုရား။ ။

---

၆။ သာမဏေအဖြစ်တောင်းရန် ပါဠိ

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။
ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။
တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

( အနက် )

ဘန္တေ၊ အရှင်ဘုရား။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက်ပါရခြင်း အကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ အရှင်ဘုရား။ ။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း၊ ဘန္တေ၊ အရှင်ဘုရား။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက်ပါရခြင်း အကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ အရှင် ဘုရား။ ။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း၊ ဘန္တေ၊ အရှင်ဘုရား။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက်ပါရခြင်းအကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ အရှင် ဘုရား။

၁၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

( ၃-ခေါက်ဆို )

သရဏဂုံဆိုရန် ( မ, ကာရန္တ )

ဗုဒ္ဓံ။ သရဏံ။ ဂစ္ဆာမိ။
ဓမ္မံ။ သရဏံ။ ဂစ္ဆာမိ။
သံဃံ။ သရဏံ။ ဂစ္ဆာမိ။

ဒုတိယမ္ပိ၊ ဗုဒ္ဓံ။ သရဏံ။ ဂစ္ဆာမိ။
။ ဓမ္မံ။ သရဏံ။ ဂစ္ဆာမိ။
။ သံဃံ။ သရဏံ။ ဂစ္ဆာမိ။

တတိယမ္ပိ၊ ဗုဒ္ဓံ။ သရဏံ။ ဂစ္ဆာမိ။
။ ဓမ္မံ။ သရဏံ။ ဂစ္ဆာမိ။
။ သံဃံ။ သရဏံ။ ဂစ္ဆာမိ။

( နိဂ္ဂဟိတန္တ )

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
။ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
။ သံဃံ သရဏံ ဂစ္ဆာမိ။

## ၁၁။ ဥပဇ္ဈာယ် ယူရန်ပါဠိ

ဥပဇ္ဈာယောမေ ဘန္တေ ဟောဟိ။ ။( ၃-ခေါက်ဆို)

(အနက်)

ဘန္တေ၊ အရှင်ဘုရား။ တုံ၊ အရှင်ဘုရားသည်။ မေ၊ တပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီး, ငယ်, အသွယ်သွယ်ကို, ဆိုဆုံးမ တတ်သော ဥပဇ္ဈာယ်ဆရာမြတ်သည်။ ဟောဟိ၊ ဖြစ်တော်မူပါ အရှင်ဘုရား။ ။

## ၁၂။ သင်္ကန်းကို ဆင်ခြင်ရန်ပါဠိ

ပဋိသင်္ခါယောနိသော စီဝရံပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ, ဥဏှဿပဋိဃာတာယ, ဍံသ မကသ ဝါတာတပ, သရီသပ, သမ္ဖဿာနံ ပဋိဃာတာယ, ယာဝ ဒေဝ ဟိရိ ကောပ ပိနပ္ပဋိစ္ဆာဒနတ္ထံ။ ။

( မြန်မာလို ဆင်ခြင်ရန် )

ချမ်းပူခြင်မှက်၊ ထက်မျက်လေနေ၊ ကင်းမြွေဖျက်ရှိ၊ ဟိရီကောပိ၊ ဖုံးဘိတင်လွှမ်း၊ ဤသင်္ကန်းကို ငါဆင်မြန်းပါ၏။ ။

## ၁၃။ ဆွမ်းကိုဆင်ခြင်ရန် ပါဠိ

ပဋိသင်္ခါယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ, နမဒါယ, နမဏ္ဍနာယ, နဝိဘူသနာယ, ယာဝ ဒေဝ ဣမဿ ကာယဿ ဌိတိယာ, ယာပနာယ, ဝိဟိံသူပရတိယာ, ဗြဟ္မစရိယာ နုဂ္ဂဟာယ, ဣတိပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ, နဝဉ္စ ဝေဒနံ နဥပ္ပါဒေဿာမိ, ယာတြာစ မေ ဘဝိဿတိ, အနဝဇ္ဇတာစ, ဖါသုဝိဟာ ရောစ။ ။

( မြန်မာလို ဆင်ခြင်ရန် )

ဤဆွမ်းခဲဘွယ်၊ သွယ်သွယ်ထူးကို၊ မြူးတူးမာန်ထ၊ လှပ,ရုပ်ဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ ကင်းကွာစေလို၊ ကိုယ်ကာယ၏၊ မျှတသဘော၊ မမောစံ

ပြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊လေးစွာကျင့်စေ၊ ဝေဒနာဟောင်း သစ်၊ ပယ်ဖြစ်မရှိ၊ ပကတိချမ်းသာအောင်၊ ငါသုံးဆောင်ပါ၏။ ။

၁၄။ ကျောင်းကိုဆင်ခြင်ရန် ပါဠိ

ပဋိသင်္ခါယောနိသော, သေနာသနံ ပဋိသေဝါမိ, ယာဝဒေဝ သီတဿ ပဋိဃာတာယ, ဥဏှဿ ပဋိဃာတာယ, ဍံသမကသ ဝါတာတပ သရီသပ, သမ္ဖဿာနံ ပဋိဃာတာယ,ယာဝဒေဝ ဥတုပရိဿယ ဝိနောဒနပ္ပဋိ သလ္လာ နာရာမတ္ထံ။ ။

(မြန်မာလို ဆင်ခြင်ရန်)

ချမ်းပူခြင်မှက်၊ ထက်မျက်လေနေ၊ ကင်းမြွေဖျက်မှု၊ ဥတု ဘေးဒုက္ခ ကင်းရန်အကြောင်း, ဤနေရာကျောင်းကို, ငါကိုန်းအောင်းပါ၏။ ။

၁၅။ ဆေးကို ဆင်ခြင်ရန် ပါဠိ

ပဋိသင်္ခါယောနိသော ဂိလာန ပစ္စယဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ, ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗျာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ, အဗျာ ပဇ္ဇ ပရမတာယ။ ။

(မြန်မာလို ဆင်ခြင်ရန်)

ဤဆေးပစ္စည်းကို နှိပ်စက်ဘိစီး ဖြစ်ပြီးဖြစ်လာ ဝေဒနာကို ပယ် ခွါစိမ့်သောငှါ၊ ငါမှီဝဲ သုံးဆောင်ပါ၏။

## ၁၆။ လိင် ၁၀-ပါး၊ ပါဠိ

ဒသဟင်္ဂေဟိ သမန္နာ ဂတော သာမဏေ ရော နာသေတဗ္ဗော။

ကမ ပါဏာတိပါတီ ဟောတိ။
ခ။ အဒိန္နာ ဒါယီ ဟောတိ။
ဂ။ အဗြဟ္မစာရီ ဟောတိ။
ဃ။ မုသာဝါဒီ ဟောတိ။
င။ သုရာ မေရယ မဇ္ဇပါယီ ဟောတိ။
စ။ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ။
ဆ။ ဓမ္မဿ အဝဏ္ဏံ ဘာသတိ။
ဇ။ သံဃဿ အဝဏ္ဏံ ဘာသတိ။
ဈ။ မိစ္ဆာဒိဋ္ဌိကော ဟောတိ။
ည။ ဘိက္ခုနိ ဒူသကော ဟောတိ။

ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာ ဂတော သာမဏေရော နာသေ တဗ္ဗော။

## ( အ နက် )

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ ရှင်အသွင်ကိုဖျက် လူထွက်စေအပ်၏။

က။ ပါဏာတိပါတီ၊ သူ့အသက်ကိုသတ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။
ခ။ အဒိန္နာဒါယီ၊ သူ့ဥစ္စာကို ခိုးယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။
ဂ။ အဗြဟ္မစာရီ၊ မမြတ်သော မေထုန်ကို ကျင့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။
ဃ။ မုသာဝါဒီ၊ မဟုတ် မမှန်သော စကားကို ပြောဆို ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

င။ သုရာမေရယ မဇ္ဇပါယီ၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည် သေရက်ကိုသောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။
စ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။
ဆ။ ဓမ္မဿ၊ တရားတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။
ဇ။ သံဃဿ၊ သံဃာတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။
ဈ။ မိစ္ဆာဒိဋ္ဌိကော၊ မှားသော အယူရှိသည်။ ဟောတိ၊ ဖြစ်၏။
ည။ ဘိက္ခုနိဒူသကော၊ ဘိက္ခုနီမကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။
ခေါ၊ စင်စစ်။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဍ္ဂမေဟိ အင်္ဂေဟိ၊ ကျိုးအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ ရှင်အသွင်ကိုဖျက်၊ လူထွက်စေအပ်၏။

( လိင် ၁၀-ပါး- ပါဠိ အနက်ပြီး၏။ )

---

၁၇။ ဒဏ် ၁၀ - ပါး၊ ပါဠိ

ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ, ဒဏ္ဍကမ္မံ ကာတဗ္ဗံ။
က။ ဝိကာလ ဘောဇနော ဟောတိ။
ခ။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော ဟောတိ။
ဂ။ မာလာဂန္ဓ ဝိလေပန ဓါရဏ မဏ္ဍန ဝိဘူသနော ဟောတိ။
ဃ။ ဥစ္စာသယန မဟာသယနော ဟောတိ။
င။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော ဟောတိ။
စ။ ဘိက္ခူနံ အ, လာဘာယ ပရိသက္ကတိ။
ဆ။ ဘိက္ခူနံ အ, ဝါသာယ ပရိသက္ကတိ။
ဇ။ ဘိက္ခူနံ အ, နတ္ထာယ ပရိသက္ကတိ။
ဈ။ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ။
ည။ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ။
ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

( အနက် )

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍ ကမ္မံ၊ သဲ ဒဏ်၊ ရေဒဏ် ပေးခြင်းအမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

က။ ဝိကာလဘောဇနော၊ နေလွဲသောအခါ၌၊ ယာဝကာလိကဟုဆိုအပ်သော ဆွမ်း, ခဲဘွယ်ဘောဇဉ်ကို စားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ခ။ နစ္စ, ဂီတ, ဝါဒိတ ဝိသူက ဒဿနော၊ က, ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နားထောင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဂ။ မာလာဂန္ဓ ဝိလေပန ဓါရဏ မဏ္ဍန ဝိဘူသနော၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပြောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဃ။ ဥစ္စာသယန မဟာသယနော၊ တတောင့်ထွာထက် အခြေရှိသော မြင့်သောနေရာ ဆင် ကုံးနှီးစသော မြတ်သောနေရာ၌၊အိပ်လေ့, ထိုင်လေ့ရှိသည်။ ဟောတိ၊ဖြစ်၏။

င။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော၊ ရွှေငွေကို ကိုင်ခံခြင်း၊ သာယာခြင်းသည်။ ဟောတိ၊ ဖြစ်၏။

စ။ ဘိက္ခူနံ၊ ရဟန်းတို့ကို။ အ, လာဘာယ၊ လာဘ်မရစေခြင်းငှာ။ ပရိသက္ကတိ၊ အားထုတ်၏။

ဆ။ ဘိက္ခူနံ၊ ရဟန်းတို့ကို။ အ, ဝါသာယ၊ ကျောင်းမရစေခြင်းငှာ။ ပရိသက္ကတိ၊ အားထုတ်၏။

ဇ။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အ, နတ္ထာယ၊ အကျိုး မဲ့စေခြင်းငှာ။ ပရိသက္ကတိ၊ အားထုတ်၏။

ဈ။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ခြိမ်းချောက်၏။

ည။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခူဟိ၊ တပါးသော ရဟန်းတို့နှင့်။ ဘေဒေတိ၊ ကွဲပြားအောင် ဂုံးတိုက်၏။

ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိခေါ အင်္ဂေဟိ၊ ဤအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ သဲဒဏ်၊ ရေဒဏ် ပေးခြင်းအမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

( ဒဏ် ၁၀-ပါး၊ ပါဠိ အနက်ပြီး၏။ )

## ၁၆။ မြန်မာပြန် သေခိယ ၇၅-ပါးကို ကြည့်၍ ကျင့်ရန်

### ၁။ ပရိမဏ္ဍလဝဂ်

၁။ အဝန်းညီစွာ သင်းပိုင်ကို ဝတ်အံ့။
၂။ အဝန်းညီစွာ ကိုယ်ဝတ် သင်္ကန်းကို ဝတ်ရုံအံ့။
၃။ ကောင်းစွာ ဖုံးလွှမ်းလျက် မြို့တွင်း ရွာတွင်း၌ သွားအံ့။
၄။ ကောင်းစွာ ဖုံးလွှမ်းလျက် မြို့တွင်း ရွာတွင်း၌ နေအံ့။
၅။ ကောင်းစွာစောင့်ရှောက်လျက် မြို့တွင်း ရွာတွင်း၌ သွားအံ့။
၆။ ကောင်းစွာစောင့်ရှောက်လျက် မြို့တွင်းရွာတွင်း၌ နေအံ့။
၇။ ချအပ်သော မျက်လွှာရှိသည်ဖြစ်၍၊ မြို့တွင်း ရွာတွင်း၌ သွားအံ့။
၈။ ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ မြို့တွင်း ရွာတွင်း၌ နေအံ့။
၉။ သင်္ကန်းကို မြှောက်ပင့်လျက် မြို့တွင်း ရွာတွင်း၌ မသွားရ။
၁၀။ သင်္ကန်းကို မြှောက်ပင့်လျက် မြို့တွင်း ရွာတွင်း၌ မနေရ။

ဤသို့ ကျင့်ရာ၏။

### ၂။ ဥဇ္ဇဂ္ဃိကဝဂ်

၁။ ပြင်းစွာရယ်မောလျက် မြို့တွင်း ရွာတွင်း၌ မသွားရ။
၂။ ပြင်းစွာရယ်မောလျက် မြို့တွင်း ရွာတွင်း၌ မနေရ။
၃။ တိုးသော အသံရှိသည် ဖြစ်၍ သွားရာ၏။
၄။ တိုးသော အသံရှိသည်ဖြစ်၍ နေရာ၏။
၅။ ကိုယ်ကို လှုပ်၍ လှုပ်၍ မသွားရ။
၆။ ကိုယ်ကို လှုပ်၍ လှုပ်၍ မနေရ။
၇။ လက်ရုံးကို လှုပ်၍ လှုပ်၍ မသွားရ။
၈။ လက်ရုံးကို လှုပ်၍ လှုပ်၍ မနေရ။
၉။ ဦခေါင်းကို လှုပ်၍ လှုပ်၍ မသွားရ။
၁၀။ ဦခေါင်းကို လှုပ်၍ လှုပ်၍ မနေရ။

ဤသို့ ကျင့်ရာ၏။

## ၃။ ခမ္ဘကတဝဂ်

၁။ ခါးထောက်၍ မြို့တွင်း ရွာတွင်း၌ မသွားရ။
၂။ ခါးထောက်၍ မြို့တွင်း ရွာတွင်း၌ မနေရ။
၃။ ဥခေါင်းခြုံ၍ မြို့တွင်း ရွာတွင်း၌ မသွားရ။
၄။ ဥခေါင်းခြုံ၍ မြို့တွင်း ရွာတွင်း၌ မနေရ။
၅။ ဘဝါး စွန်းနင်းလျက်( ခြေဖျားထောက်လျက်) မြို့တွင်း ရွာတွင်း၌ မသွားရ။
၆။ လက်အာဃောဂပတ်ဖွဲ့လျက်၊ မြို့တွင်း ရွာတွင်း၌ မနေရ။
၇။ သတိကို ထင်စွာပြုစေလျက်၊ ဆွမ်းကိုခံအံ့။
၈။ သပိတ်၌ အမှတ်သညာပြု၍ ဆွမ်းကိုခံယူရမည်။
၉။ ဟင်းနှင့် မျှရုံသော ဆွမ်းကိုခံယူရမည်။
၁၀။ သပိတ် အနားရစ်နှင့် မျှခံသော ဆွမ်းကို ခံယူရမည်။

ဤသို့ ကျင့်ရာ၏။

## ၄။ သက္ကစ္စဝဂ်

၁။ သတိကို ထင်စွာပြုစေလျက် ဆွမ်းကိုစားရာ၏။
၂။ သပိတ်၌ အမှတ် သညာပြု၍ ဆွမ်းကိုစားရာ၏။
၃။ အစဉ် အတိုင်း ဆွမ်းကို စားရာ၏။
၄။ ဟင်းနှင့် မျှရုံသော ဆွမ်းကိုစားရာ၏။
၅။ ဆွမ်းဦး ထိပ်ကို နှိပ်၍ ဆွမ်းကိုမစားရ။
၆။ ဟင်းစသည်ကိုငင်း၊ အမဲဟင်းလျာကိုငင်း၊ များစွာ အလိုရှိသည်၏ အဖြစ်ကို စွဲ၍ ဆွမ်းဖြင့် မဖုံးလွှမ်းရ။
၇။ ဟင်းကိုငင်း၊ ဆွမ်းကိုငင်း၊ မနာမဖျားဘဲ၊ မိမိအကျိုးငှါ၊ တောင်း၍ မစားရ။
၈။ ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍၊ သူတပါး၏ သပိတ်ကို မကြည့်ရ။
၉။ အလွန်ကြီးမားသော ဆွမ်းလုပ်ကို မပြုရ။
၁၀။ ထက်ဝန်းကျင်, ဝန်းဝိုင်းသော ဆွမ်းလုပ်ကို ပြု၍စားရမည်။

ဤသို့ ကျင့်ရာ၏။

## ၅။ ကဗဠဝဂ်

၁။ ဆွမ်းလုပ်ခံတွင်းသို့ မရောက်မီ ခံတွင်းဝကို မဖွင့်ရ။
၂။ ဆွမ်းစားစဉ် အလုံးစုံသော လက်ငါးချောင်းကို ခံတွင်း၌ မထည့် မသွင်းရ။
၃။ ဆွမ်းလုပ်နှင့် တကွ ခံတွင်းဖြင့် စကားမဆိုရ။
၄။ ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍ မစားရ။
၅။ ဆွမ်းလုပ်ကို ဖြတ်၍ ဖြတ်၍ မစားရ။
၆။ ဆွမ်းလုပ်ကိုမျောက်ကဲ့သို့ပါးစောင်၌ထားသည်ကိုပြု၍မစားရ၊
၇။ လက်ကို ခါ၍ ခါ၍ မစားရ။
၈။ ဆွမ်းကို ဖြန့်ကြဲ၍ ဖြန့်ကြဲ၍ မစားရ။
၉။ လျှာကို ထုတ်၍ ထုတ်၍ မစားရ။
၁၀။ အသံစပ်စပ် မြည်အောင် မစားရ။

ဤသို့ ကျင့်ရာ၏။

## ၆။ သုရုသုရုဝဂ်

၁။ ရှုပ်ရှုပ် မြည်အောင် မစားရ။
၂။ လက်ကို လျက်၍ လျက်၍ မစားရ။
၃။ သပိတ်ကို ခြစ်၍ ခြစ်၍ မစားရ။
၄။ နှုတ်ခမ်းကို လျက်၍ လျက်၍ မစားရ။
၅။ ဆွမ်းစသော အာမိသနှင့် တကွသောလက်ဖြင့် သောက်ရေခွက်ကို မကိုင်ရ။
၆။ ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို၊ ရွာတွင်း၌ မစွန့်ရ။
၇။ လက်၌ ထီးရှိသော မနာမဖျားသောသူအား တရားမဟောရ။
၈။ လက်၌ တောင်ဝှေးရှိသော မနာ မဖျားသောသူအား တရားမဟောရ။
၉။ လက်၌ ဒါးလက်နက် ရှိသော မနာ မဖျားသော သူအား တရား မဟောရ။
၁၀။ လက်၌ လေး, လက်နက် ရှိသော မနာမဖျားသော သူအား တရား မဟောရ။

ဤသို့ ကျင့်ရာ၏။

## ၇။ ပါဒုက ဝဂ်

၁။ ခြေနင်းစီးသော မနာမဖျားသော သူအား တရား မဟောရ။
၂။ ဘိနပ်စီးသော မနာမဖျားသော သူအား တရားမဟောရ။
၃။ ယာဉ်စီးသော မနာမဖျားသော သူအား တရားမဟောရ။
၄။ အိပ်ရာ၌ နေသော မနာမဖျားသော သူအား တရားမဟောရ။
၅။ လက်အာဃောဂပတ်ဖွဲ့လျက်၊ ထိုင်နေသော မနာမဖျားသော သူအား တရားမဟောရ။
၆။ ဦးရစ်ပေါင်းသော မနာ မဖျားသောသူအား တရားမဟောရ။
၇။ ခေါင်းမြီး ခြုံသော မနာမဖျားသော သူအား တရား မဟောရ။
၈။ မိမိကမြေ၌ထိုင်၍ မြင့်သောနေရာ၌ ထိုင်နေသော မနာမဖျားသော သူအား တရား မဟောရ။
၉။ မိမိက နိမ့်သော နေရာ၌ ထိုင်၍ မြင့်သော နေရာ၌ ထိုင်နေသော မနာမဖျားသော သူအား တရားမဟောရ။
၁၀။ မိမိက ရပ်လျက် ထိုင်နေသော မနာမဖျားသော သူအား တရား မဟောရ။
၁၁။ မိမိမှသွားစဉ် ရှေ့မှ သွားသော မနာမဖျားသော သူအား တရား မဟောရ။
၁၂။ မိမိလမ်း မဟုတ်ဟော ခရီးဖြင့် သွားစဉ်၊ လမ်းမဟုတ်သော ခရီးဖြင့် သွားသော မနာမဖျားသော သူအား တရားမဟောရ။
၁၃။ ရပ်လျက် မနာမဖျားဘဲ ကျင်ကြီး, ကျင်ငယ်ကို မစွန့်ရ။
၁၄။ မနာမဖျားဘဲ စိမ်းစိုသော မြက်သစ်ပင်ရှိရာ အရပ်၌၊ ကျင်ကြီး, ကျင်ငယ်, နှပ် တံတွေးကို မစွန့်မထွေးရ။

ဤသို့ ကျင့်ရာ၏။

မှတ်ချက်။ ၁၇၅ - ပါးသော သေခိယ ဝတ်အတိုင်း မကျင့်လျှင်၊ ရှင်သာမဏေတို့မှာ ဒဏ်ထိုက်သင့်၏။ ရဟန်းတော်များမှာ ဒုက္ကဋ်အာပတ် သင့်၏။

## သာမဏေများ ရဟန်းတော်များ မချို့ပြုကျင့် ရသည့် ခန္ဓကဝတ် ၁၄-ပါး။

၁။ အာဂန္တုကဝတ်။ ။အာဂန္တုက ရဟန်း သာမဏေ တို့သည်၊ ဘိနပ် စီးခြင်း၊ထီးဆောင်းခြင်း၊ဦးခေါင်းခြုံခြင်း စသည် ဖြင့်၊ သူတပါးကျောင်း အာရာမ်တွင်းသို့ ဝင်လျှင် ဝတ်ပျက်သည်။

၂။ အာဝါသိကဝတ်။ ။အာဝါသိကဖြစ်သော ကျောင်းနေ ရဟန်းသာ မဏေတို့သည်၊ အာဂန္တုက ရဟန်းကြီးကိုမြင်လျှင် ခရီးဦး ကြိုဆိုခြင်း၊ သပိတ် သင်္ကန်းတို့ကိုလှမ်းယူ ခြင်း၊ ခြေဆေးခြင်း၊ နေရာခင်းခြင်း စသည်တို့ကို မပြုလျှင် ဝတ်ပျက်သည်။ ။

၃။ ဂမိကဝတ်။ ။ခရီးသွားလိုသော ရဟန်းသာမဏေတို့သည်၊ သစ် ဘဏ္ဍာ၊ မြေဘဏ္ဍာ စသည်တို့ကို မသိမ်းဆည်းဘဲ မပန်ကြားဘဲ၊ သွားလျှင် ဝတ်ပျက်သည်။ ။

၄။ အနုမောဒနဝတ်။ ။တရားဟောစရာရှိလျှင် မထေရ်ကြီး ဟောရမည်၊ မထေရ်ကြီးက ခွင့်မပေးဘဲ ရဟန်းငယ်၊သာမဏေ တို့က တရားဟောလျှင် ဝတ်ပျက်သည်။ ။

၅။ ဘတ္တဂ္ဂဝတ်။ ။ဆွမ်းစား စရပ် စသည်တို့၌ မထေရ်ကြီး တရား ဟောရမည်၊ မထေရ်ကြီးက ခွင့်မပေးဘဲ ရဟန်း ငယ်များ၊ သာမဏေများ တရားဟောခြင်း၊ မထေရ်ကြီးများကို တိုးဝှေ့၍နေခြင်း၊ ရဟန်းငယ် များကို နေရာဖြင့် တားမြစ်ခြင်း စသည်တို့ကို ပြု လျှင် ဝတ်ပျက်သည်။ ။

၆။ ပိဏ္ဍစာရိကဝတ်။ ။ဆွမ်းခံသွားသော ရဟန်း သာမဏေတို့သည် သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ စသည်တို့ကို သိုမှီးခြင်း၊ သပိတ်ကို ရေဆေးခြင်း၊ ခါးပန်းကိုဘွဲ့ခြင်း၊ သင်း ပိုင်သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း၊ မနှေး

မလျှင်ရှာတွင်းသို့ ဝင်ခြင်း၊ မရှည် မကြာရပ်ခြင်း၊
စသည်တို့ကို မပြုလျှင် ဝတ်ပျက်သည်။ ။

၇။ အာရညကဝတ်။ ။တောကျောင်းနေသောရဟန်း သာမဏေတို့သည်၊ သောက်ရေ,သုံးဆောင်ရေ,တည်ထားခြင်း၊ မီး၊ပွတ်ခုံ၊ပွတ်ကျည်၊ တောင်ဝှေး ထားခြင်း၊ အရပ်မျက်နှာ, တာရာနက္ခတ်တို့ကိုမှတ်ခြင်းစသည်တို့ကို မပြုလျှင် ဝတ်ပျက်သည်။

၈။ သေနာသနဝတ်။ ။ရဟန်း သာမဏေတို့သည်၊ ညောင်စောင်း, အင်းပျဉ်, အိပ်ရာ, နေရာတို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ပရိဝုဏ်,ရေချိုးအိမ်,ဝစ္စကုဋ္ဌိ စသည်တို့၌ တံမြက်လှည်းခြင်း စသည်တို့ကို မပြုလျှင် ဝတ်ပျက်သည်။ ။

၉။ ဇန္တာဃရဝတ်။ ။ရဟန်းသာမဏေတို့သည်၊ ချွေးအောင်းသောအိမ်၌၊ ပြာကိုစွန့်ခြင်း၊ တံမြက်လှည်းခြင်း စသည်တို့ကို မပြုလျှင် ဝတ်ပျက်သည်။ ။

၁၀။ ဝစ္စကုဋ္ဌိဝတ်။ ။ရဟန်းသာမဏေ တို့သည်၊ ကျင်းကြီး အိမ်၌ ချောင်းဟန့်ခြင်း၊ သင်္ကန်းတန်း၌ သင်္ကန်းကိုတင်ခြင်း၊ မနှေးမလျင်ဝင်ခြင်း၊ သင်းပိုင်ကို ပင့်၍မဝင်ခြင်း၊ နင်းပျဉ်၌ နင်းပြီးမှ, သင်းပိုင်ကိုပင့်ခြင်း၊ ကြမ်းသောကနုတံ စသည်ဖြင့် မသုတ်သင်ခြင်း၊ သန့်သက်ရေဆေးခြင်း၊ နင်းပျဉ်၌ နင်းလျက်, သင်းပိုင်ကိုဖုံးလွှမ်းခြင်း၊ စသည်တို့ကို မပြုလျှင် ဝတ်ပျက်သည်။

၁၁။ ဥပဇ္ဈာယဝတ်။ ။ရဟန်း သာမဏေတို့သည် နံနက်စောစောထ၍၊ ကိုယ်ဝတ်ကို, လက်ကံတော့တင်ပြီးလျှင်၊ မျက်နှာသစ်ရေ, ဒန်ပူကပ်ခြင်း၊ ယာဂု, ဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာ ခင်းခြင်း-စသည်တို့ကို မပြုလျှင် ဝတ်ပျက်သည်။ ။

၁၂။ သဒ္ဒိဝိဟာရိကဝတ်။ ။ဥပဇ္ဈာယ်ဆရာက တပည့်များအား သင့်ဂိုဟ် ထောက်ပင့် ချီးမြှင့်ခြင်း၊ စသည်တို့ကို မပြုလျှင် ဝတ်ပျက်သည်။ ။

၁၃။ အာစရိယဝတ်။ ။နိဿယည်း ဆရာ၊ စာချပေးသော ဆရာ၊ ရှင်ပြု ပေးသောဆရာများ၌၊ တပည့်များက ဥပဇ္ဈာယ် ဆရာကြီး၌ ပြုသကဲ့သို့၊ ငတ်ကြီးဝတ်ငယ် တို့ကို မပြုလျှင် ဝတ်ပျက်သည်။

၁၄။ အန္တေဝါသိကဝတ်။ ။နိဿယည်းဆရာ စာချပေးသောဆရာ၊ရှင်ပြု ပေးသော ဆရာတို့ကလည်း တပည့်များ၌ ပြုသင့် သောဝတ်တို့ကို၊မပြုလျှင် ဝတ်ပျက်သည်။ ။

( အမှာ ) ဝတ္တံ အပရိပူရေန္တော သီလံ နပရိပူရတိ။ ။ဟူ သော၊ ဒေသနာအရ၊ ဝတ်ကို မဖြည့်ကျင့်ကြကုန် သော ရဟန်း သာမဏေ တို့သည်၊ ဝတ်ပျက်ကုန် သည်၊ ဝတ်ပျက်လျှင် သီလ ကို ဖြည့်ကျင့် သည် မမည်၊ တိုကြောင့်၊ တဆဲ့လေးပါးကုန်သော ခန္ဓ ကဝတ်တို့နှင့် ညီအောင်၊ ကျင့်ကြံ အားထုတ်ကြ ကုန်ရာသည်။ ။

ခန္ဓကဝတ် ၁၄-ပါး၊ ပြီး၏။

---

အဓိဋ္ဌာန် - ဝိကပ္ပနာပြုပုံ။

အလျား - တတောင်ထွာ၊ အနံ - ဟတွာ ခြောက်သစ်။ ။အယုတ်ဆုံး ပမာဏ ရှိသော၊ ကိုယ် ပိုင် အ ဝတ် သင်္ကန်း တို့ ကို ၎င်း၊ သပိတ်ကို၎င်း၊ ၁၀- ရက်အတွင်း ဝိကပ္ပနာ အဓိဋ္ဌာန် ပြုဟားရသော ကြောင့် ဝိကပ္ပနာပြုပုံ၊ အဓိဋ္ဌာန်တင်ပုံ၊ စသည်တို့ကို၊ လေ့ကျက်အပ်၏။

၉၈၄၉

## ဝိကပ္ပနာပြုပုံ (၂-တောင်ထွာအတွင်း)

တထည် ဝိကပ္ပနာပြုလိုလျှင်။ ။ရဟန်းတပါးထံ ချဉ်းကပ်၍။ ။ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ။ ။ဟု ၃-ကြိမ်ဆို၍ပေးရမည်။ ။ထိုရဟန်းက။ ။မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ။ ။ဟု ၃-ကြိမ်ဆို၍ ပြန်ပေးရမည်။ ။

တထည် ထက်များလျှင်။ ။ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ။ ။ဟု ဆို၍။ ။မယှံ သန္တကာနိ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာ ပစ္စယံ ကရောဟိ။ ။ဟု ဆို၍ ပြန်ပေးရမည်။

## ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ပုံ (၂-တောင်ထွာ အတွင်း)

တပါးတည်း ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်လိုလျှင် တထည်ကို။ ။ ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။ ။အများကို။ ဣမာနိ စီဝရာနိ ပရိက္ခာရ စောဠာနိ အဓိဋ္ဌာမိ။ ။ဟုဆို၍ တင်အပ်၏။ ။

## နိဿဂ္ဂိယ သင်္ကန်းကိုစွန့်ပုံ (၂-တောင်ထွာ အတွင်း)

ဝိကပ္ပနာ၊ အဓိဋ္ဌာန် မတင်မိဘဲ၊ ဆယ်ရက် လွန်သွားလျှင်၊ တထည်ဖြစ်အံ့။ ။ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။ဟုဆို၍စွန့်လေ၊ ပြီးလျှင် ဒေသနာကြားလေ။ ပြီးလျှင်၊ ခံယူသောပုဂ္ဂိုလ်က။ ။ဣဒံ စီဝရံ အာယသ္မတော ဒမ္မိ။ ။ဟုဆို၍ ပြန်ပေးလေ။ ။များလျှင်။ ။ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာ နာဟံ အာယသ္မတော ဒမ္မိ။ ။ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ။ ။ဟုပြင်၍ ဆိုလေ။ ။

## ဝိနည်း တိစီဝရိက် အဓိဋ္ဌာန်တင်ပုံ (၂-တောင်ထွာအတွင်း)

ဒုကုဋ်တထည်ကို။ ။ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။
ကိုယ်ရုံတထည်ကို။ ။ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။

သင်းပိုင်တထည်ကို။ ။ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။ ။ဟု ဆို၍တင်။ အာရုဏ်တက်သော အချိန်၌၊ နှစ်တောင်ထွာ ဟတ္ထပါသ် မကင်းအောင်

ဆောင်၊ ဟတ္ထပါသ်ကင်းခဲ့လျှင် ထိုသုံးထည်စလုံးကို။ ။ဣမာနိ မေ ဘန္တေ စီဝရာနိ ရတ္တိဝိပ္ပဝုတ္ထာနိ အညတြဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။ဟုဆို၍ စွန့်လေ။ ဒေသနာ ကြားလေ။ ။ဣမာနိ စီဝရာနိ အာယသ္မတောဒမ္မိ။ ။ဟုဆို၍ ပေးလေ။ ။

တထည်တည်းသာ ဖြစ်လျှင်။ ။ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ဣမံ စီဝရံ အာယသ္မတောဒမ္မိ။ ။ဟုပြင်၍ ဆိုလေ။ ။

ပစ္စုဒ္ဓိုရ်ပြု (အဓိဋ္ဌာန်ချ) ပုံ၊ (၂-တောင်ထွာအတွင်း)

---

မဆောင်နိုင်သေး၍၊ အဓိဋ္ဌာန် ချထားလိုလျှင်၊ ဒုကုဋ်ကို။ ။ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ။ ။ကိုယ်ရုံကို။ ။ဣမံ ဉတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ၊ သင်းပိုင်ကို။ ။ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။ ။ဟုဆို၍ချထားအပ်၏။

## သပိတ်

သပိတ် ဝိကပ္ပနာပြုလိုလျှင်။ ။ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ။ ။ဟုဆို၍ပြု။ ။မယှံ သန္တကံပရိဘုဉ္ဇဝါ ဝိသဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ။ ဟု ဆို၍ ပြန်ပေးလေ။ ။

အဓိဋ္ဌာန်တင်လိုလျှင်။ ။ဣမံ ပတ္တံ အဓိဋ္ဌာမိ။ ။ဟုဆို၍တင်။

အဓိဋ္ဌာန်ချလိုလျှင်။ ။ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ။ ။ဟု ဆို၍ချ။

ဝိကပ္ပနာ, အဓိဋ္ဌာန် မပြုမိဘဲ, ဆယ်ရက်လွန်၍စွန့်လျှင်။ ။အယံ မေ ဘန္တေ ပတ္တော ဒသာဟာ တိက္ကန္တော နိဿဂ္ဂိယော၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။ဟု ဆို၍စွန့် ဒေသနာ ကြားလေ။ ။ဣမံ ပတ္တံ အာယသ္မတော ဒမ္မိ။ ။ဟုဆို၍ ပြန်ပေးလေ။ ။

(မှတ်ချက်) နှစ်တောင့်ထွာ ဟတ္ထပါသ်မှ, အပဿဖြစ်ခဲ့လျှင်၊
ဣမံ-အစား၊ ဧတံ ဟူ၍ ရင်း၊
ဣမာနိ-အစား၊ ဧတာနိ-ဟူ၍ရင်း၊ ပြင်၍ ဆိုပါလေ။

(အဓိဋ္ဌာန်,ဝိကပ္ပန ပြုပုံများ ပြီး၏၊)

## ဒုလ္လဘ ရဟန်းလောင်းများ ဒေသနာကြား ကျက်ရန်

### အငယ်ကြား

က။ အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာရောစေယျာမိ၊
(ဤကား အာပတ်ကို ထင်စွာပြု၍ ပြောကြားခြင်းတည်း။)

ခ။ အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သမ္ဗာ အာပတ္တိယော၊
(ဤကား ဒေသနာကြား ကုစားခြင်းတည်း။)

ဂ။ အာမ ဘန္တေ ပဿာမိ၊
(ဤကား အာပတ်ကို ရှုပါမည်ဟု ပဋိညာဉ်ပေးခြင်းတည်း။)

ဃ။ အာဝုသော ဘန္တေ သံဝရိဿာမိ၊
(ဤကား ဤကနေ့ကို စောင့်စည်းပါမည်ဟု ဝန်ခံခြင်းတည်း။)

င။ သာဓု ဘန္တေ သာဓု သာဓု၊
(ကောင်းပါပြီဟု ခံယူခြင်း။)

စ။ ပဿထ ဘန္တေ တာ အာပတ္တိယော၊
(မိမိအာပတ်ကို ရှုပါရန် တိုက်တွန်းခြင်း။)

ဆ။ အာယတိံ ဘန္တေ သံဝရေယျာထ၊
(ဤနေ့ကို စောင့်စည်းပါရန် တိုက်တွန်းခြင်း။)

ဇ။ သာဓု ဘန္တေ သာဓု သာဓု အဟံဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သမ္ဗာအာပတ္တိယော အာပဇ္ဇိံ တာတုမှမူလေ ပဋိဒေသေမိ။
(ကောင်းပါပြီဟု ခံယူခြင်းနှင့် ဒေသနာကြား ကုစားခြင်း။)

ဈ။ အာမ ဘန္တေ ပဿာမိ၊
(အာပတ်ကို ရှုပါမည်ဟု ပဋိညာဉ် ပြုခြင်းတည်း။)

ည။ အာယတိံ ဘန္တေ သံဝရိဿာမိ၊
ဤနေ့ကို စောင့်စည်းပါမည် ဟု ဝန်ခံခြင်း။)

ဒေသနာ အငယ်ကြားပြီး၏။

## ဒေသနာကြား ကျက်ရန် အကြီးကြား

က။ သာဓုံ အာဝုံသော သာဓု သာဓု၊
(ကောင်းပြီဟု ပြောကြားခြင်း။)

ခ။ ပဿသိ အာဝုသော တာ အာပတ္တိယော။
(အာပတ်ကို ရှုလော့ဟု တိုက်တွန်းခြင်း။)

ဂ။ အာယတိံ အာဝုံသော သံဝရေယျာသိ၊
(ဣန္ဒြေကို စောင့်စည်းပါဟု တိုက်တွန်းခြင်း။)

ဃ။ သာဓု အာဝုံသော သာဓု သာဓု အဟံ အာဝုသော သမ္ဗာ အာပတ္တိယော အာဝိကရောမိ။
(ကောင်းပြီဟုပြောကြားခြင်းနှင့် မိမိ၏အာပတ်ကိုထင်စွာပြုခြင်း)

င။ အဟံ အာဝုံသော သမ္ဗဟုလာ နာနာဝတ္ထုကာ သမ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုယှ မူလေ ပဋိဒေသေမိ၊
(ဒေသနာကြား ကုစားခြင်း။)

စ။ အာမ အာဝုသော ပဿာမိ၊
(အာပတ်ကို ရှုပါမည်ဟု ပဋိညာဉ်ပြုခြင်း။)

ဆ။ သာဓုသုဋ္ဌု အာဝုသော သံဝရိဿာမိ၊
(ဣန္ဒြေကို စောင့်စည်းပါမည်ဟု ဝန်ခံခြင်း။)

ဇ။ ပဿသိ အာဝုံသော တာ အာပတ္တိယော၊
(အာပတ်ကို ရှုပါရန် တိုက်တွန်းခြင်း။)

ဈ။ အာယတိံ အာဝုသော သံဝရေယျာသိ၊
(ဣန္ဒြေကို စောင့်စည်းပါရန် တိုက်တွန်းခြင်း။)

ည။ သာဓု အာဝုံသော သာဓု သာဓု၊
(ကောင်းပါပြီဟု ခံယူခြင်း။)

ဒေသနာ အကြီးကြား ပြီး၏။

## ရဟန်းတော်များ ပစ္စည်း လာဘ် ရအောင် မပြုအပ် မရှာမှီးအပ်သော အနေသန ၂၁-ပါး။

၁။ သစ်သီးပေးခြင်း၊ ၂။ ပန်းပေးခြင်း၊ ၃။ မျက်နှာချေမှုန့် ပေးခြင်း၊ ၄။ မြေညက်ပေးခြင်း၊ ၅။ ဝါးပေးခြင်း၊ ၆။ ဒန်ပူပေးခြင်း၊ ၇။ လူတို့ စေခိုင်းရာသို့သွားခြင်း၊ ၈။ ဆေးကုခြင်း (ဝိနည်းပရိယာယ်... ချွင်းချက်ရှိသေး၏၊) (အထက်ပါ ၈-ပါးကို၊ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်သောကြောင့်၊ ကုလဒူသန၊ ၈-ပါး ဟု ခေါ်သည်။) ၉။ မျက်နှာသစ်ရေပေးခြင်း၊ ၁၀-ဆွမ်းတို့ပြန်ပေးခြင်း၊ ၁၁။ သစ်ရွက်ပေးခြင်း၊ ၁၂။ ရေချိုး ကသယ်မှုန့်ပေးခြင်း၊ ၁၃။ ခလေးချီခြင်း၊ ၁၄။ အမှန်နည်း၍ အမှားများသောစကားကိုဆိုခြင်း၊ ၁၅။ ချစ်ခင်အောင် ခင်ဗျား, ကျုပ်,စသည်ဖြင့် အောက်ကြို့စကားဆိုခြင်း၊ ၁၆။ အနီး၌ခိုင်းစေရာခံခြင်း၊ ၁၇။ စာတမန်ပြုခြင်း၊ ၁၈။ ဘူမိနက်သန် မြေကြန် အတတ် ဟောခြင်း၊ ၁၉။ လယ်ယာ၏ အကျိုးအပြစ်သိသော အတတ်ဟောခြင်း၊ ၂၀။ ရုပ်အင်္ဂါလက္ခဏာ အကျိုး အပြစ်သိသော အတတ်ဟောခြင်း၊ ၂၁။ နက္ခတ် အကျိုးအပြစ် သိသော အတတ် ဟောခြင်း။ ။

အနေသန ၂၁-ပါး၊ ပြီး၏။

---

## နိဿယည်းယူရန်

ရဟန်းတော်များသည်၊ သိက္ခာအားဖြင့် ၅-ဝါ၊ ၅-ဝါအောက်ဖြစ်ပါက ဥပဇ္ဈာယ် ဆရာနှင့် ကင်း၍၊ မနေကောင်းပေ၊ အကယ်၍အကြောင်းရှိသဖြင့် ကင်းခဲ့လျှင်၊ မိမိ နေရာ ဌာနမှ ဆရာဖြစ်သူထံ၌၊ အောက်ပါအတိုင်း၊ နိဿယည်း ယူရမည်။ ။

အာစရိယော မေ ဘန္တေ ဟောဟိ အာယသ္မတော နိဿာယ ဝစ္ဆာမိ။ ၃- ခေါက်ဆို ။ ။

( အနက် )

ဘန္တေ၊ အရှင်ဘုရား။ တွံ၊ အရှင် ဘုရားသည်။ မေ၊ တပည့်တော်၏။ အာစရိယော၊ ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါလော့။ အဟံ၊ တပည့်တော်သည်။ အာယသ္မတော၊ အရှင်ဘုရားအား။ နိဿာယ၊ မှီ၍။ ဝစ္ဆာမိ၊ နေပါ၏ ဘုရား။ ။

## ရဟန်းတို့၏ ၂၂၇-ပါးသော သိက္ခာပုဒ်များ

### ပါရာဇိကလေးပါး၊

ဒုလ္လဘ ပဗ္ဗဇ္ဇိတဖြစ်သော ရဟန်းသစ်သည် ၄-ပါးသော ပါရာဇိက အာပတ်တို့ကို အကျဉ်းအားဖြင့် မှတ်အပ်၏။ ။

(က) မေထုံအကျင့်ကိုမကျင့်အပ်၊ အယုတ်အားဖြင့်၊တိရစ္ဆာန်မ၌သော်လည်း မကျင့်အပ်၊ မေထုံ အမှုကျင့်သော် ပါရာဇိက အာပတ်သင့်၏၊ သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏။ ။

(ခ) ရွှေစင်တမတ်, တမတ်ထိုက်သောပစ္စည်း၊ တမတ်ထက်လွန်သော သူတပါး ဥစ္စာကို မခိုးယူအပ်၊ အယုတ်အားဖြင့်၊ မြက်,ဝါးခြမ်းစိတ်,မျှကိုလည်း မခိုးယူအပ်၊ ထိုတမတ်,တမတ် ကစ၍၊ အထက်တန်ဘိုးရှိသော ဥစ္စာကို၊ ခိုးယူသော ရဟန်းသည်၊ ပါရာဇိက အာပတ်သင့်၏။ ။

(ဂ) လူဇာတ်ဖြစ်သော သူကို မသတ်အပ်၊ အယုတ်အားဖြင့် ပိုးရွချပုံးကိုမျှ မသတ်အပ်။ သတ်လျှင် ပါစိတ်အာပတ်သင့်၏။ လူသားဖြစ်ခဲ့လျှင်၊ ကိုယ်ဝန် ကျစေတတ်သော၊ ဆေးကိုမျှလည်း မပေးအပ်၊ ပေး၍ကိုယ်ဝန်လျောကျခဲ့သော်-လူဇာတ်ဖြစ်သော သူကို သတ်သည်မည်၍၊ ပါရာဇိက အာပတ်သင့်၏။

(ဃ) ဈာန်, မဂ်,ဖိုလ်,စသောတရားကို ငါရ၏၊ ငါသိ၏၊ ငါ့မှာရှိ၏-ဟု မပြောဟောအပ်၊ အယုတ်အားဖြင့် လူသံတိတ်ဆိတ်၊ တောရိပ်တောင်စောင်း၊ သက်နီးကျောင်း၌၊ ဈာန်စသည်ဖြင့်၊ ငါမွေ့လျော်၏-ဟူ၍လည်း မပြော ဟောအပ်၊ ဈာန်,မဂ်,ဖိုလ်,တရား ငါရ၏၊ ငါသိ၏၊ ငါ့မှာရှိ၏....ဟု ပြောဟောလျှင် ပါရာဇိက အာပတ် သင့်၏။ ။

ပါရာဇိက လေးပါး ပြီး၏။

## သံဃာဒိသိသ် ၁၃-ပါး။

ဒုလ္လဘ ပဗ္ဗဇိတ ဖြစ်သော ရဟန်း သစ်သည်၊ ၁၃-ပါးသော သံဃာဒိသိသ်အာပတ်ကို၊ အကျဉ်းအားဖြင့် ဤသို့ မှတ်အပ်၏။ ။

၁။ ။အိမ်မက်၌ သုတ်လွှတ်ခြင်းမှ တပါး၊ လွှတ်စေလိုသော စေတနာဖြင့်၊ သုတ်ကို လွှတ်စေလျှင်၊ သံဃာဒိသိသ်အာပတ်သင့်၏။ ။

၂။ ။ကာယ သံသဂ္ဂရာဂစိတ်ဖြင့်၊ မာတုဂါမ၏ လက်ကိုရင်း၊ ဆံထုံးကိုရင်း၊ ကြွင်းသော ကိုယ်အင်္ဂါ တခုခုကိုရင်း၊ သုံးသပ် ဆွဲကိုင်သော ရဟန်းသည်၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။

၃။ ။လုလင်ပျိုက မိမ္မပျိုကို မိတ်နှီစကား ပြောကြားသကဲ့သို့ ဒုဋ္ဌုလ္လဝါစဿာဒရာဂစိတ်ဖြင့်၊မာတုဂါမတို့၏ မဂ်,သုံးပါး၊မေထုံနှင့်စပ်ကုန်သော စကားတို့ဖြင့်၊ ပြောသော ရဟန်းသည်၊ သံဃာ ဒိသိသ် အာပတ် သင့်၏။ ။

၄။ ။မိမိကို ကာမဂုဏ်ဖြင့် လုပ်ကျွေးလိုခြင်း၊ အတ္တကာမ ပါရိစရိယရာဂစိတ်ဖြင့်၊ မာတုဂါမအထံ၌၊ မေထုံဖြင့် ပြုစုလုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလျှင်၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။

၅။ ။ယောကျ်ား၏ အလိုသို့ လိုက်၍၊ မိမ္မအား မယား ဖြစ်စေခြင်းငှါ ပြောခြင်း၊မိမ္မ၏ အလိုသို့လိုက်၍၊ ယောကျ်ားအား လင်ဖြစ်စေခြင်းငှါ ပြောခြင်း၊ ဤကဲ့သို့ အောင်သွယ် အမှုပြုပေးလျှင် ဖြစ်စေ၊ အလုတ်သဖြင့် ခဏမျှ ခပေါင်းဖေါ်ရန် ပြည့်တံဆာမကိုပင်ပြောသည် ဖြစ်စေ၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။

၆။ ။ကိုယ်တိုင် တောင်းအပ်သော ပဲကွပ်၊ စူး၊ ဆောက်၊ လှ-စသော၊ အဆောက်အဦးဖြင့် ဆောက်လုပ်သူ ဒါယကာ မရှိသော မိမိကိုယ် အတွက် ဆောက်အပ်သော ကျောင်းကို၊ သိက္ခာ ပုဒ် တော် လာ၊ အလျား ၂၇-တောင်၊ အနံ ၁၇-တောင်၊ တမိုက်ပမာဏထက်ပို လွန်၍၊ ဆောက်လုပ်လျှင် သံဃာဒိသိသ် အာပတ်သင့်၏။ ။

၇။ ။ကျောင်းဒါယကာ ရှိသော မိမိအတွက် ကျောင်းကြီးကို ဆောက်လုပ်စေလိုလျှင်၊ ရဟန်းတို့ကိုကျောင်းရာညွှန်ရန်အတွက် ပင့်ရမည်၊ ထိုရဟန်းက ဘေးရန်မရှိရာအရပ်၊ လှည်းတစီး လှည့်ပတ်သွားလာနိုင်ရန် အရပ်ကို ညွှန်ပြရမည်၊ ဘေးရန်ရှိ၍၊ လှည်းမသွားနိုင်သော အရပ်တွင်၊ ကျောင်းကြီးဆောက်လုပ်ရာ၌၊ ကျောင်းရာ ညွှန်ပြရန် အတွက် ရဟန်းတို့ကို မပင့်လျှင် ထိုမပင့်မှုကြောင့်၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။

၈။ ။ဒေါသ ဒေါမနဿ စိတ်ဖြင့်၊ ရဟန်းကို သာသနာမှ၊ ရွေ့လျောစေ လို၊ လူထွက် စေ လို၍၊ အခြေအမြစ် မရှိသော၊ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲလျှင်၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။

၉။ ။ရဟန်းတပါးသည်၊ အခြား ရဟန်းကို၊ လူထွက်အောင် ပျက်စီးစေလိုသော စိတ်ရှိသဖြင့်၊ ထိုရဟန်း၏ အမည်ကို၊ အခြားသတ္တဝါ အပေါ်၌၊ တပ်ပြီးလျှင်(ထိုရဟန်း သာသနာတော်မှ ရွေ့လျောစေရမှုကား ကောင်းလေစွ)ဟု သဘောထား၍၊ ထိုနာမည် ညွှန်ပြပြီးလျှင် ပါရာဇိကဖြင့် စွပ်စွဲအံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။

၁၀။ ။တသိမ်တည်း၌ ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားထုတ်လျှင်၊ ထိုရဟန်းကို သံဃာ ကွဲပြားအောင်၊ အားမထုတ်ပါနှင့်ဟု၊ တားမြစ်ရမည်၊ ထိုသို့တားမြစ်ပါလျက်၊ ရှေးအတိုင်းပင် မိမိ အယူ ဝါဒကို မလျှော့ဘဲ နေသေးအံ့၊ ထိုဝါဒကို စွန့်လွှတ်အောင် ထိုရဟန်းကို အခြား ရဟန်းများက သမနုဘာသနကံ ပြုရမည်၊ ထိုသမနုဘာသနကံ (ပြုနေစဉ် ပြု၍မပြီးသေးမှီ) ထို အယူဝါဒကို စွန့်လွှတ်လိုက်က၊(အာပတ်မသင့်)ကောင်း၏။မစွန့်ဘဲ နေခဲ့မှုကား၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။

၁၁။ ။ဤနံပါတ် သိက္ခာပုဒ်သည် သံဃာအသင်း ခွဲသော ရဟန်း၏ နောက်လိုက်ရဟန်းများ၊ သံဃာဒိသိသ် အာပတ် သင့်ကြောင်းကို ပြသော သိက္ခာပုဒ် ဖြစ်သည်၊(ဤ၌ နောက်လိုက်ရုံမျှနှင့် အာပတ်မသင့်သေး) သံဃာကွဲပြားအောင်ပြုလုပ်သော ရဟန်းနောက်သို့ မည်သည့် ရဟန်းများ လိုက်ပါနေသည်-ဟု၊ ကြားရ၊ မြင်ရသော

ရဟန်းတို့က တားမြစ်ရမည်။ ထိုသမန္နဘာသနကံအတွင်း စွန့်လွှတ်ခဲ့သော် အာပတ်မသင့်၊ ကံပြီးဆုံးသည့်တိုင်အောင်၊ သူတို့၏အယူကို မစွန့်ပါမူ သံဃာဒိသိသ် အာပတ်သင့်၏။ ။

၁၂။ ဤသိက္ခာပုဒ်သည်ကား၊ သိက္ခာပုဒ်တော်အရ၊ မအပ်ကြောင်း မလုပ်ကောင်းကြောင်းပြောလျှင်၊ အပြောမခံ၊ ပြန်လှန်ပြောဆိုသောရဟန်းမှာ ဒုဗ္ဗစဖြစ်၍၊ သံဃာဒိသိသ် အာပတ်သင့်ကြောင်းကို ပြဆိုသောသိက္ခာပုဒ်ဖြစ်သည်။ သို့ရာတွင် အပြောမခံ၊ ပြန်လှန်ပြောဆိုရုံမျှနှင့် အာပတ်မသင့်သေး၊ အပြောမခံလျှင် အပြောခံအောင် သာယာညှင်းပြောင်း ကျိုးကြောင်းပြ၍၊ ဩဝါဒ ပေးရမည်၊ ဤသို့ပြော၍၊ ဩဝါဒမခံလျှင် သမနုဘာသနကံပြု၍၊ ၎င်း သမနုဘာသနကံအတွင်း စွန့်လွှတ်ခဲ့သော် အာပတ်မသင့်၊ ကံပြီးဆုံးသည့်တိုင်အောင် အပြောမခံသော်၊ အလေ့အထ အယူဝါဒ မစွန့်ခဲ့မူ၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။

၁၃။ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်သော ကုလဒူသက အမှုကိုပြုသောရဟန်းကို ကျောင်းတိုက်မှ နှင်ထုတ်ရမည်၊ နှင်ထုတ်သည့်အခါ၊ နှင်ထုတ်သောရဟန်းတို့ကို အနှင်ထုတ်ခံရသောရဟန်းက ဆန္ဒာဂတိ စသည်ဖြင့် လိုက်စား၏ဟူ၍ ပြောဆိုလျှင်၊ ရဟန်းတို့က မပြောရန် တားမြစ်ရမည်၊ တားမြစ်ပါလျက် ထိုအပြောကို မစွန့်လျှင်၊ သမနုဘာသနကံပြု၊ ကံပြု၍ မပြီးမီ၊ စွန့်လျှင်ကောင်း၏၊ ပြီးသည့်တိုင်အောင် မစွန့်လျှင်၊ သံဃာဒိသိသ် အာပတ် သင့်၏။ ။

မှတ်ချက်။ ဤသိက္ခာပုဒ်တော်အသိုအရ၊ ရဟန်းတို့သည် တကာ, တကာမတို့အား၊ ၁။ သစ်သီးပေးခြင်း၊ ၂။ ပန်း ပေးခြင်း၊ ၃။ ဆပ်ပြာပေးခြင်း၊ ၄။ မြေညက်ပေးခြင်း၊ ၅။ ဝါးပေးခြင်း၊ ၆။ ဒန်ပူပေးခြင်း။ ၇။ ဒါယိကာမများက စေခိုင်း၍ သွားခြင်း၊ ၈။ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်းစသော ကုလဒူသက အမှုကို မပြုအပ်၊ ပြုက ဒုက္ကဋ် အာပတ်သင့်၏။

သံဃာဒိသိသ် ၁၃-ပါး ပြီး၏။

## အနိယတ ၂-ပါး

ဒုလ္လဘာ ပဗ္ဗဇ္ဇိတဖြစ်သော ရဟန်းသစ်သည်၊ အနိယတ အာပတ် ၂-ပါးကို အကျဉ်းအားဖြင့် မှတ်အပ်၏။ ။

၁။ ပဌမ အနိယတ သိက္ခာပုဒ်သည် မာတုဂါမနှင့် အတူ၊ မျက်စိဖြင့် မမြင်လောက်အောင် ဖုံးကွယ်သောနေရာဝယ်၊ ထိုင်သောရဟန်းကို၊ အရိယာဖြစ်သော၊ ဥပါသိကာမ မြင်၍ ပါရာဇိက၊ သံဃာဒိသိသ်၊ ပါစိတ်အားဖြင့် အာပတ် သုံးပါးတို့တွင် တပါးပါးဖြင့် စွပ်စွဲစေကာမူ ထိုသို့မဟုတ် နေပုံ ထိုင်ပုံ အခြင်းအရာနှင့်တကွ၊ ဝတ္ထု ဖေါ်ပြ၍ စွပ်စွဲစေကာမူ၊ ထိုရဟန်းက ဟုတ်မှန်ကြောင်း ဝန်ခံမှသာ, ရဟန်းဝန်ခံသည့်အတိုင်း အာပတ်ဖြင့် ဆုံးဖြတ်ရမည်။ ဝန်မခံလျှင် မဆုံးဖြတ်ရဟု၊ ဝိနည်း အဆုံးအဖြတ်၏ လက္ခဏာနှင့်တကွ၊ ပါရာဇိက၊ သံဃာဒိသိသ်၊ ပါစိတ်သုံးချက် မမြဲ၍၊ အနိယတ ဟု ပြသော သိက္ခာပုဒ် ဖြစ်သည်။ ။

၂။ ဒုတိယ အနိယတ မြန်မာပြန်ကို ပဌမ သိက္ခာပုဒ်ကို မှီ၍၊ သံဃာဒိသိသ်၊ ပါစိတ် အာပတ် နှစ်ပုံဖြင့် ဆုံးဖြတ်ရသည်ကို သိသင့်လောက်ပြီ။ ။

**အထူးကား။** ။ပဌမ သိက္ခာပုဒ်မှ ရဟောပုဒ်အရကို၊ မျက်စိကွယ်ရာဟု မှတ်ပါ။ ။

ဒုတိယ သိက္ခာပုဒ်မှ ရဟောပုဒ် အရကို၊ နားကွယ်ရာဟု မှတ်ပါ။

အနိယတ ၂-ပါး ပြီး၏။

---

## နိဿဂ္ဂိယပါစိတ်

ဒုလ္လဘာ ပဗ္ဗဇ္ဇိတ ဖြစ်သော ရဟန်းသည် နိဿဂ္ဂိယပါစိတ် ၃၀-ကို **အကျဉ်းအားဖြင့်** မှတ်အပ်၏။

# စီဝရဝဂ်

၁။ ။စီဝရ ပလိဗောဓ၊ အာဝါသ ပလိဗောဓ၊ ဟူသော ပလိဗောဓ၊ ၂-မျိုး မရှိလျှင်၊ ရရှိသော သင်္ကန်းကို၊ အဓိဋ္ဌာန်လည်း မတင်၊ ဝိကပ္ပနာလည်း မပြုဘဲ၊ အလွန်ဆုံး၊ ၁၀-ရက်သာ ထားနိုင်သည်၊ ၁၀-ရက် လွန်လျှင် နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်၏။ ။(ပစ္စည်းကိုလည်း စွန့်ရ၏၊ ပါစိတ် အာပတ်လည်း သင့်၏။)

၂။ ။စီဝရ ပလိဗောဓ၊ အာဝါသ ပလိဗောဓ၊ ပြတ်ပြီးနောက်၊ တိစီဝရိက် အဓိဋ္ဌာန် တင်အပ်သော သင်္ကန်းနှင့် ညဥ့်ကင်း၍ နေလျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။

၃။ ။စီဝရ ပလိဗောဓ၊ အာဝါသ ပလိဗောဓ၊ ၂-မျိုးစုံ ပြတ်ပြီးခဲ့သော် ရရှိသော အကာလ သင်္ကန်းကို ခံယူပြီးလျှင်၊ ၁၀-ရက် မလွန်မီ၊ ချုပ်ရမည်၊ သင်္ကန်း မချုပ်လောက်လျှင် ထိုသင်္ကန်းကို ဖြည့်၍ ချုပ်ဘို့ရန်၊ (နောက်ထပ် ရဘို့ရန် လမ်းမြင်လျှင်) မချုပ်သေးဘဲ တလသာ ထားကောင်းသည်၊ (နောက်ထပ်ရဘို့လမ်း မြင်စေကာမူ) တလကျော်၍ ထားလျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၄။ ။ဆွေမျိုး မတော်သော ဘိက္ခုနီမကို သင်္ကန်း အဟောင်းကို အဖွတ်ခိုင်း၊ အဆိုးခိုင်း၊ ရိုက်နှက် နယ်စေခိုင်းလျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၅။ ။လဲလှယ်၍ ယူခြင်းမျိုး မဟုတ်ဘဲ ဆွေမျိုးမတော် မစပ်သော ဘိက္ခုနီမ၏ သင်္ကန်းကိုခံယူလျှင် နိဿဂ္ဂိယ ပါစိတ်အာပတ်သင့်၏။

၆။ ။ဆွေမျိုး မတော်သူ၊ တကာ တကာမ တို့ကို၊ တောင်းသင့်ရာ အခါမှတပါး အခြားအခါ၌၊ သင်္ကန်းတောင်းလျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ၁။ ခိုးသူများက လုသွား၍ သင်္ကန်းဝတ်စရာ မရှိသော အခါ။ ၂။ သင်္ကန်းပျောက်သော အခါတို့၌၊ သင်္ကန်း တောင်းရာ၏။ ။

၇။ ။သက်န်းကို ခိုးသူ လုယူသွားသော ရဟန်း။ သက်န်းပျောက်သော ရဟန်း။ ထိုရဟန်း နှစ်ပါးကို အဆွေ အမျိုး မတော်စပ်၊ ဘိတ်မံ ထားသူ မဟုတ်သော တကာ, တကာမ,တို့က သိ၍၊ များစွာသော သက်န်းတို့ကို လှူ လျှင် သင်းပိုင် နှင့် တကွ ကိုယ်ဝတ်ကိုသာ အလှူ ခံရမည်။ ထိုထက် အလွန် ခံယူလျှင် နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၈။ ။အဆွေ အမျိုး မတော်သူ၊ မဘိတ်ကြားသူ တကာ, သို့မဟုတ် တကာမ,က၊ ဤသက်န်းဘိုးဖြင့်၊ သက်န်းဝယ်၍၊ ဤမည်သော ရဟန်းအား၊ လှူဒါန်းမည်ဟု၊ ရဟန်း တပါးပါးကို ရည်ညွှန်း၍၊ သက်န်းဘိုးကို စုဆောင်းထားစဉ်၊ ထိုရဟန်းကြား၍၊ အလှူရှင်ထံ သွားပြီးခါ၊ နဂိုရ် သက်န်းရည်မှန်း ရင်းသက်၊ ကောင်းအောင်စီမံလျှင်၊ ထိုသက်န်းကို စွန့်အပ်၏၊ ပါစိတ် အာပတ်လည်းသင့်၏။

၉။ ။ဤသိက္ခာပုဒ်၌ အထူးမရှိပြီ၊ ရှေးသိက္ခာပုဒ်နှင့် အားလုံးတူ၏။ ရှေးသိက္ခာပုဒ်က၊ သက်န်း ဒါယကာ သို့မဟုတ်၊ ဒါယိကာမ တယောက်သာ ဖြစ်၏။ ဤသိက္ခာပုဒ်၌ကား၊ နှစ်ယောက်ပေါင်း အလှူသာ ခြားနားသည်။

၁၀။ ။ဤရာဇ သိက္ခာပုဒ်၏ အချုပ်မှာ၊ သက်န်းဘိုး ဖြစ်သော ရွှေငွေ စသော၊ အကပ္ပိယ ဝတ္ထုကို၊ လှူဒါန်းရာတွင်၊ ပြုလုပ်ရမည့် အစီ အစဉ်ကို ပညတ်တော်မူသော သိက္ခာပုဒ် ဖြစ်သည်။ ။

အချုပ်အားဖြင့်ကား သက်န်းဘိုး ရွှေ-ငွေ ကို အလှူ မခံကောင်း၊ သက်န်းကိုသာ အလှူခံရမည်။ သက်န်းဘိုး အတွက် ရွှေငွေကို လာရောက်လှူက သိကြားလိမ့်မှာသော ကပ္ပိယကို ညွှန်ပြလျက် လျှောက်ပတ်သော အခါတွင်၊ ထိုကပ္ပိယ အထံမှ သက်န်းကို အလှူခံရမည်။ ကပ္ပိယက မေ့လျော့၍ ဖြစ်စေ၊ တစုံတခုသော အကြောင်းကြောင့်ဖြစ်စေ၊ သက်န်းကို မလှူဒါန်းဘဲနေမူ၊ ၃-ကြိမ် နှုတ်ဖြင့် တောင်း၊ ၆-ကြိမ် ရပ်၍၊ အလှူခံရမည်၊ ထိုသို့ ၃ ကြိမ် တောင်းခြင်း၊ ၆-ကြိမ် ရပ်ခြင်းထက်၊ ပိုလွန်၍ တောင်း သ ဖြင့်၊ ရလျှင် ထိုသက်န်းကို စွန့်ရမည်၊ ပါစိတ် အာပတ်လည်းသင့်သည်။

( စီဝရဝဂ်ပြီး၏။ )

## ငွေကလောမဝဂ်

၁။ ။ပိုးချည်နှင့် ရောသော အခင်းကို ပြုစေငြားအံ့၊ နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်၏။

၂။ အမည်း သက်သက် ဖြစ်ကုန်သော သိုးမွေးတို့ကို အခင်းပြု စေငြားအံ့၊ နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်၏။ ။

၃။ ။အခင်း အသစ်ကို ပြုလုပ်လိုသော ရဟန်းသည် အမည်းသက် သက်ဖြစ်သော သိုးမွေးတို့၏၊ ၄ ‧ ခုးမြောက်သော အဘို့ကို ယူ၍၊ အခင်း အသစ်ကို ပြုလုပ်ရမည်၊ အထက်ပါ အတိုင်းမယူဘဲ၊အခင်း အသစ်ကို ပြုလုပ်က၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၄။ ။အထက်ပါ သိက္ခာပုဒ်မှ အခင်းအသစ်ကို(သမ္မုတိရသော ဂိလာန မဟုတ်လျှင်)၆–နှစ်လုံးလုံး၊ ဆောင်ထားရမည်။ ၆-နှစ်မပြည့်မှီ အဟောင်းကို သူတပါး ပေးပြီးမှ ဖြစ်စေ၊ မစွန့်ဘဲဖြစ်စေ၊ အခင်း အသစ်ကို မပြုလုပ်ရ၊ ပြုလုပ်လျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၅။ ။နိသိဒိုင် အခင်းကို ပြုလုပ်လိုလျှင်၊ အခင်းဟောင်းမှ ဘုရား ရှင်၏၊ ကထွာ ပမာဏလောက်ရှိသော နံပါးအရပ်ကို ဖြတ်ယူပြီး လျှင် ယိုဘထွာကို နိသိဒိုင် အခင်းအသစ် အသွင်းသို့၊ ထည့်သွင်း ပြုလုပ်ရမည်၊ ထိုကဲ့သို့ မပြုလုပ်လျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၆။ ။သိုးမွေးတို့ကို သုံးယူဇနာအထိ၊ အဓွန့်ရှည်သော ခရီးကို သွား သော ရဟန်းသည်၊ (ယူဆောင် ကောင်းသည်) ကပ္ပိယ မရှိလျှင်၊ ကိုယ်တိုင်ပင် ထိုသုံးယူဇနာ ခရီးကို ယူဆောင်သွားနိုင်သည်၊ သုံး ယူဇနာထက် ပိုလွန်၍ ဆောင် ယူ ပါက၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၇။ ။ဆွေမျိုးမတော်သော ဘိက္ခုနီမကို သိုးမွေး အဖွတ်ခိုင်းလျှင် နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၈။ ။ရွှေ-ငွေကို ကိုယ်တိုင် ခံယူသည်ဖြစ်စေ၊ မိမိအတွက် သူတပါးကို (ယူလိုက်ဟု)ခိုင်းသည်ဖြစ်စေ၊ ရွှေ,ငွေကို အနီးသို့ဆောင်၍၊ လှူသည်ကို မူလည်း၊ သာယာသည် ဖြစ်စေ၊ ရဟန်းအား နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်၏။ ။

၉။ ။ရဟန်းသည် အထူးထူး အပြားပြား အားဖြင့် ရွှေ-ငွေကို ဖလှယ်ခြင်းသို့ ရောက်လျှင်၊ နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်၏။

၁၀။ ။ရဟန်းသည် ရွှေ-ငွေဖြင့်၊ အထူးထူး အပြားပြားသော ဝယ်ခြင်း၊ ရောင်းခြင်းသို့ ရောက်လျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်၏။ ။

(ဧဠကလောမဝဂ်ပြီး၏။)

## ပတ္တဝဂ်

၁။ ။အဓိဋ္ဌာန် ဝိကပ္ပနာပြုထားသော သပိတ်မှ တပါး၊ အပို အလွန် သပိတ်များကို၊ ၁၀-ရက် အတွင်းသာ ထားရမည်၊ ၁၀-ရက် ကို လွန်က နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်၏။ ။

၂။ ။သပိတ် ဟောင်းက ၅-ဘွဲ့ မပြည့်ဘဲ၊ သပိတ်အသစ် တောင်းလျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်၏။ ။

၃။ ။ထောပတ်၊ ဆီဥ၊ ဆီ၊ ပျား၊ တင်းလဲ-ဟူသော ဆေးပစ္စည်း ၅-မျိုးကို အကပ်ခံပြီးနောက် ၇-ရက်အထိ သိမ်းဆည်း၍၊ ဆေးအဖြစ်ဖြင့်၊ စားသောက်နိုင်၏။ ၇-ရက် ကျော်လွန်က နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၄။ ။မိုးရေခံ သင်္ကန်းကို ရှာနိုင်ရာခေတ်၊ ချုပ်ဆိုး၍ ဝတ်နိုင်ရာခေတ်၊ ကာလကိုပြသော သိက္ခာပုဒ် ဖြစ်သည်။ ထိုကာလ မဟုတ်ဘဲရှာလျှင်၊ ချုပ်ဆိုး၍ ဝတ်လျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၅။ ။ရဟန်း တပါးအား ကိုယ်တိုင် သင်္ကန်းပေးပြီးနောက် အမျက်ထွက်သဖြင့်၊ ပေးပြီးသော သင်္ကန်းကို၊ ကိုယ်တိုင် လုယူသည်ဖြစ်စေ၊ တယောက်ယောက်ကို လုယူခိုင်းသည် ဖြစ်စေ၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၆။ ။မိမိ ကိုယ်တိုင် ချည်တို့ကို၊ (မအပ်သော နည်းဖြင့် တောင်း၍) ယက္ကန်းသည်တို့ကို၊ သင်္ကန်း ယက်စေခိုင်းလျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၇။ ။သင်္ကန်း လှူမည့် ဒါယကာက၊ မတိတ်ကြားဘဲ၊ ယက္ကန်းသည် အထံ သွား၍၊ နဂိုရ်က ရည်မှန်းသော ချည်ထက် ပိုလွန်ထူးကဲ အောင် စီမံခြင်းကြောင့်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၈။ ။အစ္စေကစီဝရ (အဆော တလျှင် ရှောင်တခင် လှူအပ်သော သင်္ကန်း) ဖြစ်သည်။ ထိုသင်္ကန်းကို၊ ၁။ ခရီးသွားမည့်သူ၊ ၂။ ကိုယ် ဝန်ရှိသူ၊ ၃။ မကျန်းမာသူ၊ ၄။ သဒ္ဓါတရား အသစ် ဖြစ်သူတို့ လှူဒါန်းအပ်သော သင်္ကန်း ဖြစ်သည်။ အစ္စေက သင်္ကန်းဟု သိ သော ရဟန်းသည်၊ ထိုသင်္ကန်းကို ခံယူပြီးနောက်၊ သင်္ကန်းကာလ ကုန်အောင်၊ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားကြောင်း၊ ထို့ ထက်အလွန် အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားလျှင်၊ နိဿဂ္ဂိယ ပါ စိတ် အာပတ် သင့်၏။ ။

(မှတ်ချက်)။ ။ယခုခေတ် လှူဒါန်းနေကြ သူတို့၏ဝါဆိုသင်္ကန်းဟူသည် (အစ္စေက စီဝရ)ပင် ဖြစ်သည်ဟု၊ ဆရာတို့ ဆိုကုန်၏။ ။

၉။ ။တောကျောင်း၌ ဖြစ်စေ၊ ရွာကျောင်း၌ ဖြစ်စေ၊ သီတင်းသုံး ကြသော ရဟန်းတော်များအတွက်၊ တစုံတခု ဘေးရန်ရှိက တိစီ ဝရိတ်ခေါ်၊ ၃-ထည်သော သင်္ကန်းတို့တွင်၊ တထည် ထည်သော သင်္ကန်းကို၊ ရွာတွင်း၌ ထားကောင်းသည်၊ ထိုသင်္ကန်းနှင့် ကင်း၍ နေခြင်းငှါ၊ တစုံ တခုသော အကြောင်း ရှိအံ့။ ၆-ညဉ့် အတိုင်း အရှည်၊ ထိုသင်္ကန်းနှင့် ကင်း၍ နေကောင်းသည်။ ဂိလာန ဟု သမ္မု တိရသော ရဟန်းကို ကြဉ် သား၍၊ ၆-ညဉ့် အလွန်၊ ကင်း၍နေသော ရဟန်းအား၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

၁၀။ ။သံဃာသို့ ညွတ်အပ်ပြီးသော သံဃိကလာဘ်ကို၊ မိမိသို့ ညွတ် စေလျှင်၊ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်၏။ ။

(နိဿဂ္ဂိယ ပါစိတ် ပြီး၏။)

## သုဒ္ဓ - ပါစိတ်

ဒုလ္လဘ ပဗ္ဗဇိတ ဖြစ်သော ရဟန်းသစ်သည်၊ ၉၂-ပါးသော သုဒ္ဓ ပါစိတ် အာပတ်ကို၊ အကျဉ်းအားဖြင့် မှတ်အပ်၏။ ။

( မုသာဝါဒဝဂ် )

၁။ လိမ်လည်၍ ပြောခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။

၂။ နှုတ်လှန် ထိုးခြင်းကြောင့် ( ဆဲရေးခြင်းကြောင့်) ပါစိတ် အာပတ် သင့်၏။

၃။ ချောပစ်ကုန်းတိုက်ခြင်းကြောင့်၊ ပါစိတ် အာပတ် သင့်၏။

၄။ လူ့ သာမဏေအား သံပြိုင် စာပေပို့ချပေးခြင်းကြောင့်၊ ပါစိတ် အာပတ် သင့်၏။

၅။ လူ့ သာမဏေနှင့် တမိုး တရံတည်းသော ကျောင်း၌ အိပ်ခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ (၃ - ညဉ့် အထိ အတူ အိပ်နိုင်သေးသည်။ )

၆။ မာတုဂါမနှင့် တမိုး တရံတည်းသော ကျောင်း၌၊ အိပ်ခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။

၇။ အနီး အပါး၌ နားလည်သူ လူယောကျ်ား မရှိဘဲ မာတုဂါမအား တယောက်လျှင်၊ ၆-ခွန်းထက်ပို၍ တရားဟောအံ့၊ ပါစိတ်အာပတ် သင့်၏။

၈။ ဈာန်, မဂ်, ဖိုလ်,ကို ရပြီးသော ရဟန်းသည်၊ မိမိ ဈာန်, မဂ်, ဖိုလ်ရကြောင်းကို လူ့ သာမဏေအား အမှန် အတိုင်းပြောလျှင် ပါစိတ် အာပတ် သင့်၏။

၉။ ရဟန်း တပါး သံဃာဒိသိသ် အာပတ် သင့်သည်ကို မိမိက (သမ္မုတိမရဘဲ) လူသာမဏေအား ပြောလျှင်၊ ပါစိတ် အာပတ် သင့်၏။

၁၀။ မြေကြီးကို မိမိကိုယ်တိုင် တူးသည် ဖြစ်စေ၊ လူ သာမဏေအား တူးစေသည် ဖြစ်စေ၊ ပါစိတ် အာပတ် သင့်၏။

(မုသာဝါဒဝဂ် ပြီး၏။)

## (ဘူတဂါမဝဂ်)

၁။ ။မြက်သစ်ပင်တို့ကို ကိုယ်တိုင်ဖြစ်စေ၊ သူတပါးကို ခိုင်း၍ ဖြစ်စေ ဖျက်ဆီးလျှင် ပါစိတ် အာပတ် သင့်၏။

၂။ ။မေးအပ်သည်မှ တပါး ပြောခြင်းကြောင့်၊ဆိတ်ဆိတ် နေသဖြင့် သံဃာကို ညှဉ်းဆဲခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။

၃။ ။ကဲ့ရဲ့ခြင်းကြောင့်၊ ရှုံ့ချခြင်းကြောင့် ပါစိတ် အာပတ်သင့်၏။

၄။ ။သံဃိက ညောင်စောင်း အင်းပျဉ်စသည်တို့ကို လွင်တည်းခေါင်၌၊ ကိုယ်တိုင် ခင်းပြီး၍ ဖြစ်စေ၊ လူ့ သာမဏေကို ခင်းစေပြီး၍ဖြစ်စေ၊ ထိုနေရာမှ တခြားသို့သွားလျှင်၊ မိမိမူလည်း မသိမ်း၊ သူတပါးကို လည်း မသိမ်းစေဘဲ သွားအံ့၊ ပါစိတ် အာပတ် သင့်၏။

၅။ ။သံဃိကကျောင်း၌ အိပ်ရာ နေရာကို မိမိကိုယ်တိုင် ခင်း၍ ဖြစ်စေ၊ လူ့ သာမဏေအား ခင်းစေ၍ ဖြစ်စေ၊ အရပ်တပါးသို့ သွားသော အခါ၊ မိမိလည်း မသိမ်း သူတပါးကိုလည်း မသိမ်းစေဘဲ သွားအံ့၊ ပါစိတ် အာပတ်သင့်၏။

၆။ ။သံဃိကကျောင်းဝယ် ရှေးဦးစွာ ရောက်နှင့်သော ရဟန်းကို တိုးဝှေ့၍၊ အကြင် ရဟန်း, ကျဉ်းမြောင်း ကြပ်တည်းသဖြင့်၊ ဖဲ့ထွက် သွားလတံ့ဟူသော စေတနာဆိုးဖြင့် တိုးဝှေ့၍ အိပ်ငြားအံ့၊ ပါစိတ် အာပတ် သင့်၏။

၇။ ။ဒေါသ ထွက်သဖြင့် ရဟန်း တပါးကို သံဃိက ကျောင်းမှ မိမိ နှင်ထုတ်သည် ဖြစ်စေ၊ သူတပါးကို နှင်ထုတ်စေသည် ဖြစ်စေ၊ ပါစိတ် အာပတ် သင့်၏။

၈။ ။သံဃိက ကျောင်းထပ်၌ ထုပ်ယက်ဆင့်ဟွင်း ပျဉ်မခင်းသဖြင့်၊ ယင်းလက်း အပြင်မို့သော နေရပ်၌။ ထိုကျောင်း၌ အခြေ တပ်သော ညောင်စောင်းကိုရင်း၊ အင်းပျဉ်ကိုရင်း ဖိ၍ မူလည်း ထိုင်ငြားအံ့၊ သို့မဟုတ်, ဖိ၍ မူလည်း အိပ်ငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

၉။ ။ကျောင်းကြီးကို ဆောက်လိုသော ရဟန်းသည် တံခါးဘောင်၏ ၂-တောင့်ထွာ အရပ်တိုင်အောင် တံခါးဘောင်နှင့်ဘက္ခ၊ တံခါး အိမ်ကို ထားခြင်းငှါလည်း၊ အထက်လေသာ ပြူတင်းကို၊ အဖြေ အပြစ် ပြုခြင်းငှါလည်း၊ အထပ်ထပ် လိမ်းကျံအပ်၏၊ အမိုးကို နှစ် စင် သုံးစင်လှည့်၍ မိုးခြင်းကို စိမ်းသော ကောက်ပဲ မရှိရာ အရပ်၌ တန့်ရပ်သဖြင့် စီရင်အပ်၏၊ ဆိုပြီးနှစ်စင် သုံးစင် လှည့်ခြင်းထက် အလွန် အကျွံ မိုးခဲ့သော် ကောက်ပဲ မရှိရာ၌၊ တန့်ရပ်လျက် စီရင် စေကာမူ ပါစိတ် အာပတ် သင့်၏။

၁၀။ ။ပိုးလောက်လန်းရှိသော ရေမှန်းသိလျက် ထိုရေကို မြက်ပေါ်သို့ ၎င်း၊ မြေပေါ်သို့၎င်း၊ မိမိသွန်သည် ဖြစ်စေ၊ သူတပါးကို သွန်စေ သည် ဖြစ်စေ၊ ပါစိတ် အာပတ် သင့်၏။

(ဘူတဂါမဝဂ် ပြီး၏။)

---

## ဘိက္ခုနောဝါဒ ဝဂ်

၁။ ။သမ္မုတိ မရဘဲ ဘိက္ခုနီမတို့ကို ဂရုဓမ် တရားဖြင့်၊ ဆုံးမလျှင် ပါစိတ် အာပတ် သင့်၏။

၂။ ။သမုတိရသော ရဟန်းပင် ဖြစ်သော်လည်း၊ နေဝင်သော အခါ ဘိက္ခုနီမတို့ကို ဩဝါဒ မပေးရ၊ အကယ်၍ ဩဝါဒ ပေးလျှင်၊ ပါစိတ် အာပတ် သင့်၏။

၃။ ။ဘိက္ခုနီမ မကျန်းမာသော အခါမှတပါး၊ ဘိက္ခုနီမကျောင်း သို့သွား၍၊ ဩဝါဒ ပေးလျှင် ပါစိတ်အာပတ် သင့်၏။

၄။ ။ဩဝါဒ ပေးကုန်သော ရဟန်းတို့ကို သက်နီးစသော အာမိသ ကို ရလိုသော အကြောင်းကြောင့်၊ ဘိက္ခုနီမ တို့ကို ဆုံးမကုန်၏ ဟု စွပ်စွဲ ကဲ့ရဲ့လျှင်၊ ပါစိတ် အာပတ် သင့်၏။

၅။ ။လဲလှယ်ခြင်း မဟုတ်ဘဲ၊ အဆွေအမျိုး မဟုတ်သော ဘိက္ခုနီမ အား သင်္ကန်း ပေးလျှင် ပါစိတ် အာပတ် သင့်၏။

၆။ ။အဆွေ အမျိုးမတော်သော ဘိက္ခုနီမ၏ သင်္ကန်းကို ကိုယ်တိုင် ဖြစ်စေ၊ သူတပါးကို ခိုင်းစေ၍ ဖြစ်စေ၊ ချုပ်လုပ်ပေးခဲ့လျှင်၊ ပါစိတ် အာပတ် သင့်၏။

၇။ ။လမ်းခရီး၌ လှည်းကုန်သည်နှင့် သွားသောအခါ၊ ယုံမှားဘွယ် ရှိသော အခါ၊ ဘေးဘျမ်းအန္တရာယ် ရှိသောအခါ ထိုအခါများကို ထား၍၊ ဘိက္ခုနီမနှင့် အတူ တိုင် ပင် ညှိ ညွတ် ၍၊ ခရီး မ သွား ကောင်း၊ အယုတ်အားဖြင့်၊ မိမိနေရာ ကျောင်းမှ အနီးအနားရွာ တပါးသို့မျှလည်း၊ မသွားကောင်း၊ သွားလျှင် ပါစိတ် အာပတ် သင့်၏။

၈။ ။မြစ်ကို ဘီလာ ကန့်လန့် ကူးနေခြင်းမှ တပါး၊ အထက် အညာ သို့ ဆန်တက်ခြင်း၊ အောက်,အကြေသို့ စုံဆင်းခြင်း၊လှေ(သဘော်) ကို မည်သည့် နေ့, ရက်၌ စီးကြမည်ဟု ဘိက္ခုနီမတို့နှင့် တိုင်ပင် ၍ အတူတကွ ချိန်းချက်၍၊ လှေကို စီးလျှင် ပါစိတ် အာပတ် သင့်၏။

၉။ ။ရှေးဒါယကာ လူတို့ပြုပြင် စီရင်အပ်သော ဆွမ်းကို ကြဉ်ထား ၍၊ ဘိက္ခုနီမ စီရင်အပ်သော ဆွမ်းကို စားလျှင်၊ ပါစိတ် အာပတ် သင့်၏။

၁၀။ ။တယောက် ချင်းချင်း ဆိတ်ကွယ်ရာ အရပ်၌၊ ဘိက္ခုနီမနှင့် အတူတကွ နေသိုင်လျှင်၊ ပါစိတ် အာပတ် သင့်၏။

(ဘိက္ခုနော ဝါဒဝဂ် ပြီး၏။)

---

( ဘောဇနဝဂ် )

၁။ ဂိလာန ရဟန်း မဟုတ်လျှင် အာဝါသထ ဆွမ်းကို တနေ့သာ စားကောင်း၏၊ နောက်တနေ့ စားလျှင်၊ ပါစိတ် အာပတ် သင့်၏။

(အာဝါသထ ဆွမ်းဟူသည် ဧည့်သည်တို့ တည်းခိုရာဇရပ်၌ထား သော ဆွမ်းတည်း။)

။ဂိလာန သမယ, စသော ခုနစ်ပါးသော သမယ ကို ထား၍၊ ဂဏဘောဇဉ်ကို စားလျှင်၊ ပါစိတ် အာပတ် သင့်၏။

(ဂဏ ဘောဇဉ်ဟူသည် ဝိနည်းမလိမ္မာသူ လူ, သာမဏေ တို့က ဆွမ်းဟူ၍မဆိုဘဲ ထမင်းခံလှဲ့ပါ၊ ဟင်းခံလှဲ့ပါဟု၊ ပင့်တိုင်းကြွ၍၊ ရဟန်း လေးပါး တပြိုင်နက် ခံမိလျှင်၊ ထိုဆွမ်းကို ဂဏ ဘောဇဉ် ဟူ၏။)

ခုနစ်ပါးသော သမယဟူသည် ၁။ ဖျား, နာသော အခါ၊ ၂။ သင်္ကန်း လှူသော အခါ၊ ၃။ သင်္ကန်း ချုပ်သော အခါ၊ ၄။ အဓွန့်ရှည်သော ခရီးသို့ သွားသော အခါ၊ ၅။ လှေစီးသော အခါ၊ ၆။ များစွာသောရဟန်းအပေါင်းတို့ စည်းဝေးသောအခါ၊ ၇။ ရဟန်းတို့ ဆွမ်းလှူသော အခါ၊ ဤ ခုနစ်ပါးသော အခါ သည် ဂဏဘောဇဉ်ကို စားကောင်းသော အခါ ဖြစ်၏။ ။

၃။ ။ဂိလာန စသော သမယ ၃ ပါးကို ကြဉ်ထားလျက်၊ ရှေးဦးစွာ ပင့်ဘိတ်သော ဒါယကာ၏ ဆွမ်းကို၊ ဦးစွာမစားဘဲ၊ နောက်မှ ပင့်ဘိတ်သော ဒါယကာ၏ ဆွမ်းကို၊ ရှေးဦးစွာ စားလျှင်၊ ပါစိတ် အာပတ် သင့်၏။ ။

ဂိလာန စသော သမယ သုံးပါးဟူသည်၊ ၁။ ဖျား, နာသော အခါ၊ ၂။ သင်္ကန်းလှူသော အခါ၊ ၃။ သင်္ကန်း ချုပ်သော အခါ၊ ဤသုံးပါးသည်၊ ပရမ္ပရ ဘောဇဉ်ကို စားကောင်းသော အခါ ဖြစ်၏။ ။

၄။ ။ဒါယကာတို့ အိမ်သို့၊ ကပ်လာသော ရဟန်းကို လက်ဆောင် အလို့ငှါ စီရင်အပ်သော မုန့်၊ ရိက္ခာ အကျိုးငှါ စီရင်အပ်သော မုန့် တို့ဖြင့်၊ ဘိတ်သော်၊ နှစ်သပိတ်၊ သုံးသပိတ် ပြည့်ရုံမျှသာခံယူနိုင်၏။ ထိုထက်ပို၍ ခံယူလျှင်၊ ပါစိတ် အာပတ် သင့်၏။ ။

ထို နှစ်သပိတ်၊ သုံးသပိတ် ခံယူသော မုန့် တို့ ကို၊ မိမိချည်း မသုံးစားဘဲ၊ အခြားရဟန်းများနှင့် အတူ ဝေဘန်၍၊ သုံးဆောင် ရမည်။

၅။ ။ဆွမ်းစားစဉ်, တန်ပြီဟု တားမြစ်မိသည် ဖြစ်၍၊ ပဝါရိတ်သင့် သော ရဟန်းသည် အတိရိတ် ဝိနည်းကံ မပြုဘဲ၊ ခဲဘွယ်ဘောဇဉ် ကို စားသောက်လျှင်၊ ပါစိတ် အာပတ် သင့်၏။ ။

၆။ ။ဆွမ်းစားစဉ်၊ ပဝါရိတ်သင့်သော ရဟန်းကို ပဝါရိတ်သင့်သော ရဟန်းမှန်း သိလျက်၊ (အာပတ်ဖြင့် စောဒနာလို၍) အတိရိတ်သင့် ဝိနည်းကံမပြုသေးသော ခဲဘွယ်ဘောဇဉ်ကို စားစမ်းပါ၊ ခဲစမ်းပါဟုဘိတ်လျှင်၊ဘိတ်သည့်အတွက်ဒုက္ကဋ်၊အဘိတ်ခံအပ်သော ရဟန်းစားလျှင်၊ ဘိတ်သော ရဟန်းမှာ ပါစိတ် အာပတ်သင့်၏။

၇။ ။နေလွဲ(မွန်းတည့်ပြီးနောက်) ခဲဘွယ်ဘောဇဉ်ကို စားသောက်သော ရဟန်းသည်၊ ပါစိတ် အာပတ် သင့်၏။ ။

၈။ ။အကပ်ခံပြီးသော ခဲဘွယ်ဘောဇဉ်ကို သိုမှီး (သိမ်းဆည်း)၍ နောက် တနေ့ သုံးစားလျှင် ပါစိတ် အာပတ် သင့်၏။ ။

၉။ ။မနာ မဖျားဘဲ၊ မိမိအကျိုးငှာ ထောပတ်၊ ဆီဥ၊ ဆီ၊ ပျားတင်းလဲ၊ ငါး၊ အသား၊ နို့ရည်၊ နို့ဓမ်း ဟူသော ပဏီတ ဘောဇဉ်ကိုးပါးတို့ကို တောင်း၍ စားလျှင် ပါစိတ် အာပတ်သင့်၏။

၁၀။ ။ရေ နှင့် ဒန်ပူ ကို အကပ် မခံဘဲ၊ သုံး ဆောင် နိုင် သည်။ ၎င်း ရေနှင့် ဒန်ပူမှ တပါးသော အာဟာရကို အကပ် မခံဘဲ၊ မစားရ စားလျှင် ပါစိတ် အာပတ် သင့်၏။ ။

(ဘောဇနဝဂ် ပြီး၏။)

## အစေလကဝဂ်

၁။ ။အဝတ် မဝတ်သော တက္ကဒွန်း နှင့် ပရိဗ္ဗိုဇ် ယောကျ်ား၊ ပရိဗ္ဗိုဇ် မိန်းမတို့အား မိမိလက်ဖြင့် ခဲဘွယ်ဘောဇဉ်ကို ပေးလျှင် ပါစိတ် အာပတ် သင့်၏။ ။

၂။ ။ရဟန်း တပါး ကို ဆွမ်းခံ အတူ ခေါ် သွား ပြီး နောက်၊ မလျှောက်ပတ်သော အကျင့်ကို၊ ကျင့်လိုခြင်းကြောင့် ထိုရဟန်းကို ပြန်လွှတ်လျှင် ပါစိတ် အာပတ်သင့်၏။ ။

၃။ ။လင်မယား၊ ၂-ယောက် ရှိသော အိမ်သို့ တိုးဝှေ့၍၊ ရတ်တရက် နေထိုင်ခြင်းကို ပြုလျှင်၊ ပါစိတ်အာပတ် သင့်၏။ ။

၄။ ။မာတုဂါမနှင့် အတူ တကွ ဆိတ်ကွယ်ရာ၊ တိုက်နံရံ ဖုံးလွှမ်းရာ အရပ်၌၊ ထိုင်နေလျှင် ပါစိတ် အာပတ် သင့်၏။ ။

၅။ ။မာတုဂါမ နှင့် အတူ ယောက် ချင်း ချင်း ဆိတ် ကွယ် ရာ၌ ထိုင်နေလျှင် ပါစိတ် အာပတ် သင့်၏။ ။

၆။ ။တပည့်တော်အိမ်သို့ အလှူခံကြွပါဟု ဘိတ်မံ ထားအပ်သော နိမန္တိတ ဘတ်ရှိလျက် ထင်ရှားသော ရဟန်းတပါးကို မပန်ကြားဘဲ၊ ထိုဆွမ်းကို မစားမှီ ပုရေဘတ် အခါ ဖြစ်စေ၊ စားပြီးနောက် ပစ္ဆာဘတ် အခါ ဖြစ်စေ၊ အခြားအမျိုးအိမ်တို့၌၊ လှည့်လည် သွားလာနေလျှင်၊ ပါစိတ် အာပတ် သင့်၏။ ။

၇။ ။မနာ မဖျားသော ရဟန်းသည်၊ ၄-လ ပတ်လုံး ဆေးပစ္စည်းဖြင့် ဘိတ်ခြင်းကို သာယာအပ်၏၊ တဖန် နောက်ထပ် ဘိတ်ခြင်းကို ၎င်း၊ အမြဲဘိတ်ခြင်းကို၎င်း ထား၍၊ ထို ၄-လထက် ပိုလွန်၍၊ သာယာခဲ့ပါမူ ပါစိတ် အာပတ် သင့်၏။ ။

၈။ ။စစ်တိုက်ရာ စစ်မြေပြင်သို့ သွားသင့် သွားထိုက်သော အကြောင်း မရှိဘဲ၊ အင်္ဂါလေးပါး ရှိသော စစ်ဘပ်ကို ကြည့်ရှုရန် သွားလျှင်၊ ပါစိတ် အာပတ် သင့်၏။ ။

၉။ ။စစ်တပ်သို့ ဆွေမျိုးရှိ၍ ဖြစ်စေ၊ တစုံ တယောက် မကျန်းမမာ၍ ဖြစ်စေ၊ သွားလျှင် အလွန်ဆုံး၊ ၃-ညဉ့်သာ စစ်တပ်၌ နေနိုင်ခွင့် ရှိသည်၊ ထိုထက် ပိုလွန်၍နေက၊ ပါစိတ် အာပတ် သင့်၏။

၁၀။ ။၃-ရက်၊ ၃-ညဉ့် စစ်တပ်၌ နေသည့် ရဟန်းသည် တက်၍ တက်၍ ထိုးပြစ်ရာ အရပ်၊ ဗိုလ်ပါရဲ မက်ရေတွက်ရာ အရပ်၊ စစ်ဆင်ရာအရပ်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ လက်နက်စွဲသော ရဲမက်ကို ကြည့်ရှုခြင်းငှါ သွားလျှင်၊ ပါစိတ် အာပတ် သင့်၏။ ။

(အစေလကဝဂ် ပြီး၏။)

## (သုရာပါနဝဂ်)

၁။ ။သေရည် သေရက်ကို သောက်လျှင်၊ ပါစိတ် အာပတ် သင့်၏။

၂။ ။ရဟန်း အချင်းချင်း ကလိ ထိုး၍ ကစားလျှင်၊ ပါစိတ် အာပတ် သင့်၏။ ။

၃။ ။ရေထဲ၌ ကစားမြူးတူးလျှင် ပါစိတ် အာပတ် သင့်၏။

၄။ ။ပုဂ္ဂလ ဓမ္မကို မရိုသေလျှင် ပါစိတ် အာပတ် သင့်၏။

၅။ ။ရဟန်း တပါးသည်၊ရဟန်းတပါးကို ခြောက်လျှင် ပါစိတ် အာပတ် သင့်၏။ ။

၆။ ။မီးပူဇော်ခြင်း အကြောင်းကို ထား၍၊ မနာ မဖျားဘဲ မီးလှုံလို သဖြင့် ကိုယ်တိုင် မီးမွေးခြင်း၊ သူတပါးကို မီးမွေးစေခြင်းကို ပြုလုပ် လျှင် ပါစိတ် အာပတ် သင့်၏။ ။

၇။ ။မဇ္ဈိမ ဒေသ၌ သမယ ၆-ပါးကို ကြဉ်ထား၍၊ လ-ခွဲ မပြည့်မှီ ရေချိုးလျှင် ပါစိတ် အာပတ် သင့်၏။ ။

ရေချိုးကောင်းသော သမယ ခြောက်ပါးဟူသည်၊ ၁။ ပူသော အခါ၊ ၂။ အိုက်သော အခါ၊ ၃။ ဖျားနာသော အခါ၊ ၄။-ဟံမြက်လှဲခြင်း စသော အမှုလုပ်သော အခါ၊ ၅။ ယူဇနာခွဲ ခရီး သို့သွားလတံ့ သွားဆဲ သွားပြီးသော အခါ၊ ၆။ မြူနှင့် တကွ လေပြင်းထ၍ မိုးကျသော အခါ၊ ဤအခါခြောက်ပါးသည် လခွဲ မပြည့်မှီ ရေချိုးကောင်းသော အခါ မည်၏။ ။

၈။ ။သင်္ကန်း အသစ်ရသော ရဟန်းသည် ကပ္ပဗိန္ဒု မထိုးဘဲ ထိုသင်္ကန်း ကို မဝတ်ကောင်း၊ ဝတ်လျှင် ပါစိတ် အာပတ် သင့်၏။ ။

၉။ ။ဘိက္ခု၊ ဘိက္ခုနီမ၊ သာမဏေ ယောကျာ်း၊ သာမဏေမိန်းမ၊ သိက္ခာမာန်တို့၏ သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြုလျက်၊ ပစ္စုဒ္ဓိရ် မပြုဘဲ ဝတ်လျှင် ပါစိတ် အာပတ် သင့်၏။

၁၀။ ။ရဟန်း တပါး၏ သပိတ် သင်္ကန်း နိသီဒိုင် အခင်း၊ အပ်ကျည်၊ ခါးပန်းကြိုးတို့ကို မိမိဝှက်ခြင်း၊ သူတပါးကို ဝှက်စေခြင်းပြုလျှင်၊ အယုတ်သဖြင့်၊ ပြောင်လှောင် ကြည်ဆယ်လိုသဖြင့် ဝှက်ငြားအံ့၊ ပါစိတ် အာပတ် သင့်၏။ ။

(သုရာ ပါဏဝဂ် ပြီး၏။)

## ( သပ္ပါဏကဝဂ် )

၁။ ။တိရစ္ဆာန်ကို သတ်လျှင်၊ ငယ်သည် ဖြစ်စေ၊ ကြီးသည် ဖြစ်စေ၊ ပါစိတ် အာပတ်သင့်၏။

၂။ ။သိလျက် ပိုးရှိသော ရေကို သုံးဆောင်လျှင်၊ ပါစိတ်အာပတ် သင့်၏။

၃။ ။တရားသဖြင့် ငြိမ်းပြီးသော အဓိကရုဏ်းကို တဖန် ကံဖြစ်စေ ရန် လှုံ့ဆော်ပေးလျှင်၊ ပါစိတ်အာပတ်သင့်၏။

၃။ ။ရဟန်းတပါး၏။ (ဒုဋ္ဌုလ္လ) သံဃာဒိသိသ်အာပတ်ကို သိလျက် ဖုံးလွှမ်းထားလျှင် ပါစိတ် အာပတ် သင့်၏။

၅။ ။အသက် ၂၀ မပြည့်သေးမှန်းသိလျက် ဥပဇ္ဈာယ်ပြု၍၊ ရဟန်း ခံပေးလျှင်၊ ရဟန်းလည်း မဖြစ်၊ ကာရကသံဃာ ဒုက္ကဋ် အာပတ် ဥပဇ္ဈာယ် ဆရာ ပါစိတ် အာပတ် သင့်၏။ ။

၆။ ။အခေါင့်ကင်းကို ရှောင်လွှဲလိုသော ခိုးသူ ကုန်သည်နှင့် တိုင်ပင် ၍၊ ခရီးရှည် မသွားကောင်း၊ အယုတ်အားဖြင့်၊ ရွာတရွာမှ တရွာသို့ပင် မသွားကောင်း၊ သွားလျှင် ပါစိတ် အာပတ်သင့်၏။

၇။ ။မာတုဂါမနှင့် တိုင်ပင်၍ ခရီးရှည် မသွားကောင်း၊ အယုတ် အားဖြင့် ရွာတရွာသို့ပင် မသွားကောင်း၊ သွားလျှင် ပါစိတ် အာပတ် သင့်၏။ ။

၈။ ။အကြင် မေထုန ပဋိသေဝန တရားတို့သည် နတ်ရွာ နိဗ္ဗာန် ချာန်,မဂ်,ဖိုလ်,၏၊ အန္တရာယ်ကို ပြုတတ်ကုန်၏၊ ထိုမေထုန ပဋိ သေဝန တရားတို့ကို မှီဝဲသော ရဟန်းအား နတ်ရွာ နိဗ္ဗာန် ချာန်, မဂ်,ဖိုလ်, ၏ အန္တရာယ်ကို ပြုခြင်းငှါ၊ မစွမ်းနိုင်ကုန်၊ ငါသည် ထိုသို့ မြတ်စွာ ဘုရား ဟောကြားအပ်သော တရားတို့ကို သိ၏။

ဤသို့ ပြောအံ့၊ ထိုရဟန်းကို မြင်ကုန် ကြားကုန်သော ရဟန်း တို့က မေထုန ပဋိသေဝန တရားတို့သည် နတ်ရွာ နိဗ္ဗာန် ချာန်, မဂ်, ဖိုလ်, တရားတို့၏ အန္တရာယ်ကို ပြုတတ်ကြောင်းကို မြတ်စွာ ဘုရားသည် ဟောတော်မူခဲ့ကြောင်း စသည်ဖြင့် တားမြစ်ရမည်၊ ထိုသို့ တားမြစ်သော်လည်း၊ အယူကို မစွန့်ဘဲ၊ ထိုအယူကို ချိုး မြှောက်နေအံ့၊ သမနုဘာသနကံပြုရမည်၊ ၃-ကြိမ်မြောက်အောင် သမနုဘာသနကံ ပြုပြီးသည့်နောက်၊ ထိုအယူကို စွန့်လျှင်ကောင်း ၏၊ မစွန့်လျှင် ပါစိတ် အာပတ် သင့်၏။

၉။ ။သမနုဘာသနကံပြုထားသော ဥက္ခိတ္တက (နှင်ထုတ်ထားသော) ရဟန်းမှန်း သိလျက်၊ ထိုရဟန်းနှင့် အတူတကွ ဆွမ်းစားခြင်း၊ တကွနေထိုင်ခြင်း၊ တကွ အိပ်ခြင်း ပြုလျှင်၊ ပါစိတ် အာပတ် သင့်၏။ ။

၁၀။ ။မေထုန ပဋိသေဝန တရားတို့သည်၊ နတ်ရွာ နိဗ္ဗာန် ချွန်,မဂ်, ဖိုလ်,၏ အန္တရာယ်ကို မပြုတတ်ဟု[နံပါတ်၊ဂ-သိက္ခာပုဒ်လာသော] အတိုင်းပြောဆိုသော သာမဏေကို အထက်က အတိုင်း၊ ပြောဆိုဆုမ္မရမည်၊ ပြောဆို ဆုမ္မ မရက နှင်ထုတ်ပြစ်ရမည်၊ ထိုသို့နှင်ထုတ်ထားသော သာမဏေကို ဖျားယောင်း သွေးဆောင်ခြင်း အလုပ်အ ကျွေး အ ဖြစ် ထား ခြင်း၊ တ ကွ သုံး ဆောင် ခြင်း၊ တ ကွ တကျောင်းတည်း အိပ်ခြင်းကို ပြုသော ရဟန်းအား ပါစိတ် အာပတ် သင့်၏။ ။

( သပ္ပါဏကဝဂ် ပြီး၏။ )

(သဟဓမ္မိကဝဂ်)

၁။ ။သိက္ခာပုဒ်တော် သုံးတော် ရဟန်းတော်တို့က သိက္ခာပုဒ်ဖြင့် ပြောဆိုဆုမ္မ သည်ရှိသော်၊ ငါ့ရှင်တို့ အကြင်မျှလောက် ကာလ ပတ်လုံး သင်တို့မှ တပါးသော ထင်ရှားသော ဝိနည်းဓိုရ် ရဟန်းကို မမေး ရသေး၊ ထိုသို့ မမေးရသေးမီ၊ ဤသိက္ခာပုဒ်ကို ငါကျင့် လိမ့်ဦးမည် မဟုတ်ဟု ပြောဆိုလျှင် ပါစိတ် အာပတ် သင့်၏။

သိက္ခာကာမဖြင့် ကျင့်လိုသော ရဟန်းသည်၊ သိ အောင် ပြု ရ မည်၊ အဖန် တလဲလဲ မေးမြန်းရမည်၊ အဖန် တလဲလဲ စဉ်းစား နှိုင်းချိန် ရမည်။ (ဤသို့ပြုခြင်းကား သာမိစိ ဝတ္တရားဟု ဘုရားဟောတော်မူ၏။)

၂။ ။ပါတိမောက်ကို ရဟန်း တပါးပါးက ပြဆိုလတ်သော်၊ ထိုပြဆိုသံကို ကြားရသော ရဟန်းက၊ ငယ်ကုန် အလွန်ငယ် ကုန်သော ဤသိက္ခာပုဒ် အသေးအဖွဲ့တို့ကို၊ ရွတ်ဆိုပြနေသဖြင့်၊ အဘယ် အကျိုးရှိအံ့နည်း။ ထိုသိက္ခာပုဒ်တွေဟာ၊ အလွန့်အလွန်၊ ကိုယ်ကို ကုက္ကုစ္စ ဖြစ်စေခြင်း၊ ကိုယ်စိတ် ဆင်းရဲ ပင်ပမ်းခြင်းသာ ဖြစ်စေတတ်သည်ဟု၊ သိက္ခာပုဒ်ကို ကဲ့ရဲ့လျှင်၊ ပါစိတ် အာပတ် သင့်၏။

၃။ ။ရဟန်းတပါးသည် မကြာမီက၊ သိက္ခာပုဒ် တ ပါး ပါး ကို ကျူးလွန်ခဲ့၏၊ ထိုနောက် ဥပုသ်နေ့ ပါတိမောက်ပြသည့် အခါ၊ မကြာမီက မသိလို့ ဤသိက္ခာပုဒ်ကို ကျူးလွန်ခဲ့သည်။ သိမှသာ သိလျှင်၊ ကျူးလွန်မည် မဟုတ်ပါဟု၊ အခြားရဟန်းတို့ကတွေးကြ ထင်ကြ၊ သက်ညှာကြအောင်၊ တပည့်တော်သည်၊ယခုပင် သိရ

ပါသည်၊ (ဤသိက္ခာပုဒ်သည် ပါတိမောက်မှာလာ၍၊ ပါတိမောက်၌ ပါဝင်သည်)ဟု ပြောဆိုခဲ့သော် အခြား ရဟန်းတို့က၊ထိုရဟန်းသည် ရှေးရှေး ပါတိမောက်ပြရာတို့တွင်၊ ၂-ကြိမ်၊ ၃-ကြိမ်သံဃာများနှင့် အတူ၊ ပါဝင်နေထိုင်ဘူးပြီးဟု သိလျှင်၊ ထိုရဟန်းမှာ ရှေးကုံးက လွန်ကျူးခဲ့သော အပြစ်အတွက်၊ ဆိုင်ရာ အာပတ်ကို၊ ကုစားစေ၍၊ ကဲ့ရဲ့ ရှုတ်ချပြီး မောဟကံသို့ တင်ရမည်၊ ထိုသို့ မောဟကံသို့ တင်ပြီးသည့် အခါ၊ ထပ်၍ မသိလို ပြုမိခဲ့လေဟန် ဆောင်ပြန်လျှင်၊ ပါစိတ် အာပတ် သင့်၏။

၄။ ။ရဟန်းတပါးအား စိတ်ဆိုး၍ ရိုက်နှက် ပုတ်ခတ်လျှင်၊ ပါစိတ် အာပတ်သင့်၏။

၅။ ။ရဟန်းတပါးအား စိတ်ဆိုး၍ လက်ဝါးပြတ်ကိုမိုးလျှင်၊ ပါစိတ် အာပတ်သင့်၏။

၆။ ။ရဟန်းတပါးအား မြင်ခြင်း၊ ကြားခြင်း၊ ရွံ့ရှာခြင်းမရှိဘဲ သံဃာဒိသိသ် အာပတ်ဖြင့် စွပ်စွဲလျှင်၊ ပါစိတ်အာပတ်သင့်၏။

၇။ ။ရဟန်းတပါးအား မချမ်းသာစေလိုသော စေတနာရှိသည်ဖြစ်၍၊ ကုက္ကုစ္စဟု ဆိုအပ်သော အလို့လိုကို ဖြစ်စေငြားအံ့၊ ဤသို့သော ဖြစ်စေခြင်းဖြင့် ထိုရဟန်းအား၊ တခဏမျှလည်း မချမ်းသာခြင်းသည် ဖြစ်လတ္တံ့၊ ပါစိတ်အာပတ်သင့်၏။

၈။ ။တိုးတိုးတိုင်ပင်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၏စကားကို ကြားကောင်းရာသို့ ကပ်၍ ရပ်ငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

၉။ ။ဟုတ်မှန်သောသဘော စောဒနာ သာရဏာ ဝိနည်း ဥာတ် ကမ္မဝါစာဖြင့်ပြုအပ်ကုန်သော အပလောကနကံ၊ဉတ္တိကံ၊ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံတို့အား ဆန္ဒပေးပြီး၍ နောက်မှ ရှုံ့ချငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

၁၀။ ။သံဃာ၌ အဆုံးအဖြတ်စကား ဖြစ်လတ်သော် ဆန္ဒကို မပေးဘဲ နေရာမှထ၍ ဖဲသွားအံ့၊ ပါစိတ် အာပတ်သင့်၏။

၁၁။ ။ညီညွတ်သော သံဃာနှင့်တကွ၊ သင်္ကန်းပေးပြီး၍၊ နောက်၌ ရဟန်းတို့သည် ချစ်ကျွမ်း ဝင်သဖြင့် ချီးမွမ်း အပ်သောသူအား၊

သံဃာ၏ လာဘ်ကို ညွတ်စေကုန်၏။ ဤသို့ ရှုံ့ချခြင်းသဘော ရောက်ငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

၁၂။ ။သိလျက်, ကိုယ်နှုတ်ဖြင့် သံဃာကို ညွတ်စေပြီးသော သံဃာ လာဘ်ကို ပုဂ္ဂိုလ်အား ညွတ်စေငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

သဟဓမ္မိကဝဂ်ပြီး၏။

## ရတနဝဂ်

၁။ ။မင်းမျိုး၌ ဖြစ်သော သွန်းသော ဘိသိက်ရှိသော အိပ်ရာ တိုက်ခန်းရှေ့၌ မိမိလာသော အဖြစ်ကို မပန်ကြားဘဲ၊ မင်း၏ မထွက်သော မင်းရှိသော၊ မိဖုရား ရတနာရှိသော တံခါးခုံကို တွန်းငြားအံ့၊ ပါစိတ် အာပတ် သင့်၏။

၂။ ။ရတနာ ဆယ်ပါးကိုပင်း၊ ရတနာဟု သမုတ်အပ်သော အသုံး အဆောင်ကိုပင်း၊ အရာမ်အာ ဘွင်းကိုပင်း၊ တည်းခိုရာ အိမ် ဇရပ် အတွင်းကိုပင်း ထား၍၊ မိမိကောက်ယူအံ့၊ သူတပါးကိုမူလည်း ကောက်ယူစေအံ့၊ ပါစိတ် အာပတ်သင့်၏။ (ရတနာ ၁၀ - ပါးကို ပင်း၊ ရတနာဟု သမုတ်သောအပ်၊ အသုံး အဆောင်ကိုပင်း၊ အရာမ်၌ပင်း၊ ဇရပ်၌ပင်း၊ ကောက်၍ အကြင်သူ၏ ဥစ္စာဖြစ်လတံ့။ ထို ဥစ္စာရှင်သည် ဆောင်လာတံ့ဟု ထားအပ်၏။)

၃။ ။ထိုသို့သဘောရှိသော၊ အဆောတလျှင်၊ ရှောင်တခင် ပြုအပ်သော ပြုဟူယ် ကိစ္စကို ထား၍၊ ထင်ရှားရှိသော ရဟန်းကို မပန် မကြားဘဲ၊ နေလွဲသော အခါ ရွာတွင်းသို့ ဝင်ငြားအံ့။ ပါစိတ် အာပတ် သင့်၏။

၄။ ။နွားကျုံ စသော အရိုး အမျိုးမျိုးဖြင့် ဖြစ်စေ၊ ဆင်စွယ်ဖြင့် ဖြစ်စေ၊ နွားကျို၏ ဦးချိုဖြင့် ဖြစ်စေ၊ ပြုလုပ်အပ်သော အပ်ကျည် (အပ်ဘူး)ကို ပြုလုပ်စေအံ့။ ( အပ်ဘူး ) ကိုသည်း ခွဲပြစ်ရမည်။ ပါစိတ် အာပတ်လည်း သင့်၏။ (ဆေဒနက ပါစိတ် ဟူ၏။)

၅။ ။ညောင် စောင်း အင်း ပျဉ် တို့ ကို၊ အသစ် ပြုလုပ် စေလိုလျှင်၊ ဘုရားရှင်၏ လက်သစ်တော်ဖြင့်၊ ရှစ်လက်သစ် (အလွန်ဆုံး)အခြေ

ရှိရမည်။ ထို့ထက် ရှည်လျှင်၊ (ဖြတ်ပြစ်ရမည်)ပါစိတ် အာပတ် လည်း သင့်၏။ (ဆေဒနက ပါစိတ်ဟူ၏။)

၆။ ။ညောင်စောင်း ကိုရင်း၊ အင်းပျဉ် ကိုရင်း၊ လဲဖြင့် မွေးရက် သွတ်သွင်း၍၊ လဲဖုံ့မွှ့ရာ အခင်း ပြုလုပ်လျှင်၊ (လဲကို ထုတ်ပြစ်ရ မည်။)ပါစိတ် အာပတ်လည်း သင့်၏။ (ဥဒ္ဒါလနက ပါစိတ်ဟူ၏)။

၇။ ။နိသီဒိုင်ကို ချုပ်လိုပြုလိုသော ရဟန်းသည်၊ ဘုရားရှင်၏ တထွာ တော်ဖြင့် အလျား ၂ထွာ၊ အနံ တထွာခွဲ၊ အမြိတ်ခေါ်သော ဒသာ အထွာ၊ ဤအတိုင်းအရှည် ပမာဏရှိသော၊ နိသီဒိုင်ကို သာ ချုပ်နိုင်သည်၊ ထိုထက်မပိုရ (ငယ်လျှင်ကား ငယ်နိုင်သည်) ထိုအတိုင်း အရှည်ထက် ပိုလွန်လျှင်ကား (လွန်သမျှကို ဖြတ်ပြစ်ရ မည်) ပါစိတ် အာပတ်လည်း သင့်၏။ (ဆေဒနက ပါစိတ်ဟူ၏)။

၈။ ။အနာလွှမ်း သင်္ကန်းကို ပြုလုပ်လိုလျှင်၊ မြတ်စွာဘုရား၏၊ အထွာ တော်ဖြင့်၊ အလျား ၄-ထွာ၊ အနံ ၂-ထွာ၊ ထိုအတိုင်းထက် လွန် လျှင်၊ (လွန်သမျှကို ဖြတ်ခြင်း ရှေးရှိသော) ပါစိတ် အာပတ် သင့်၏။ (ဆေဒနက ပါစိတ်)

၉။ ။မိုးသဲးရေခံ သင်္ကန်းကို ပြုလုပ်လိုလျှင်၊ မြတ်စွာ ဘုရား၏ အထွာ တော်ဖြင့်၊ အလျား ၆-ထွာ၊ အနံ ၂-ထွာခွဲ၊ အလျား အရှည်ရှိ သော မိုးသဲးရေခံ သင်္ကန်းကို ပြုလုပ်ရမည်၊ ထိုအတိုင်း အရှည် ထက် ပိုလွန်လျှင်၊ (လွန်သမျှကို ဖြတ်ရခြင်း) ရှေးရှိသော ပါစိတ် အာပတ် သင့်၏။ (ဆေဒနက ပါစိတ်)။

၁၀။ ။ဘုရားရှင်၏ သင်္ကန်းတော် ပမာဏနှင့် ညီမျှသော သင်္ကန်း၊ သို့မဟုတ်၊ ထိုထက်ရှည်သော သင်္ကန်းကို၊ ချုပ်လုပ် ပြုပြင် စီရင်အံ့။ အပိုအလွန် ပမာဏကို ဖြတ်ရခြင်း၊ ရှေးရှိသော ပါစိတ် အာပတ် သင့်၏။(ဆေဒနက ပါစိတ်)။

ဘုရားရှင်၏ သင်္ကန်းတော်ကား၊ ဘုရားရှင်၏ လက်သန်းတထွာ တော်ဖြင့်၊ အလျား ၉-ထွာ၊ အနံ ၆-ထွာရှိ၏။ ထိုသင်္ကန်း ပမာ ဏသည် ဘုရားရှင်၏ ဝတ်ရုံတော်မြဲ သင်္ကန်း ပမာဏ ဖြစ်သည်။

( ရတနဝဂ် ပြီး၏။)

၉၂-ပါးသော သုဒ္ဓ ပါစိတ် အာပတ် ပြီး၏။

## ပါဋိဒေသနီ (၄) ပါး

ဒုလ္လဘ ပဗ္ဗဇိတဖြစ်သော ရဟန်းသစ်သည်၊ (၄)ပါးသော ပါဋိဒေသနီ အာပတ်ကို အကျဉ်းအားဖြင့် မှတ်အပ်၏။

၁။ ။ရွာတွင်းသို့ဝင်ပြီးသော အဆွေအမျိုး မတော်သော ဘိက္ခုနီမ၏လက်မှ ခဲဘွယ်ဘောဇဉ် အမျိုးမျိုးကို မိမိလက်ဖြင့် (ကိုယ်တိုင်ခံယူလျှင်) ခံယူသည့်အတွက် ဒုက္ကဋ်၊ စားတိုင်း ပါဋိဒေသနီ အာပတ် သင့်၏။

၂။ ။ဆွမ်းပင့် ကျွေးရာ အိမ်၌၊ ရဟန်း အများ ဆွမ်းစားနေစဉ်၊ ဘိက္ခုနီမက (သည်မှာဟင်းလိုက်ပါ၊ သည်မှာ ဆွမ်းထည့်ပါ) စသည်ဖြင့် စီစဉ်နေသော်၊ ထိုဘိက္ခုနီမကို ရဟန်းတို့က (နှမ ရဟန်းများ ဆွမ်းစားနေတုန်းမှာ တော်ရာသွားနေစမ်းပါ)ဟု ပြော၍တားမြစ်ရမည်။ ထိုရဟန်းတို့တွင် တပါးတလေမျှ ထိုဘိက္ခုနီမကို မတားမြစ်လျှင် ရဟန်း အားသုံးပင် သူ စီမံထည့်ပေးသော အာမိသကို ခံယူရာ၌ ဒုက္ကဋ်၊ စားမျိုတိုင်း ပါဋိဒေသနီ အာပတ်သင့်၏။

၃။ ။အိမ်ဘအိမ်မရှိ၊ ဇနီး ခင်ပွန်း နှစ်ယောက်တို့သည်၊ အလွန်သဒ္ဓါတရား ထက်သန် နေကြကုန်၏။ ရဟန်းသံဃာတို့ကို နံနက်မြင်လျှင် မိမိတို့ မစားရလျှင် ရှိပါစေ၊ မလှူဘဲကား မနေနိုင်ကြ၊ သို့ရာတွင် စီးပွားဥစ္စာမှာ တဖြေးဖြေး ယုတ်လျော့၍သာနေ၏။ ထိုကဲ့သို့ စီးပွားဆုတ်ယုတ်လျက်၊ သဒ္ဓါလွန်ကဲသော အမျိုးကို ဉတ္တိ ဒုတိယ ကမ္မဝါစာဖြင့် သေက္ခမျိုးဟု ဘုရားရှင်သမုတ်ရန် မိန့်တော်မူသည်။ ထိုကဲ့သို့ သေက္ခ သမုတိရသော အမျိုးအိမ်မှ ခဲဘွယ်ဘောဇဉ်ကို ပင့်ဘိတ်ထားသူမဟုတ်၊ ဂိလာနမဟုတ်ဘဲ၊ ခံယူလျှင် ဒုက္ကဋ်၊ စားမျိုလျှင်ကား၊ ပါဋိဒေသနီ အာပတ်သင့်၏။

၄။ ။ရွံရှာဘွယ်ရှိ၏၊ ဘေးဘျမ်းရှိ၏ဟု သမုတ်အပ်သော တောရကျောင်းဝယ်၊ နေသောရဟန်းသည် ရှေး၌ရွံရှာဘွယ် ဘေးဘျမ်းရှိသည်ကိုမကြားဘဲ ခဲဘွယ်ဘောဇဉ်ဟူသော ယာဝကာလိက အာမိသကို ဂိလာနမဟုတ်လျှင် မခံယူကောင်း၊ ခံယူလျှင် ဒုက္ကဋ်၊ စားမျိုလျှင် ပါဋိဒေသနီ အာပတ် သင့်၏။

(ပါဋိဒေသနီ အာပတ်ပြီး၏။)

## အဓိကရဏ သမထ (၇)ပါး

သေခိယ၊ ၇၅-ပါးကို နောက်၌ ပြခဲ့ပြီး၊ ဒုလ္လဘ ပဗ္ဗဇိတ ဖြစ်သော ရဟန်းသစ်သည်၊ (၇)ပါးသော အဓိကရဏ သမထကို အကျဉ်းအားဖြင့် မှတ်အပ်၏။

၁။ ။ဖြစ်ကုန် ဖြစ်ကုန်သော၊ ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါဓိက ရဏ်း၊ အာပတ္တာဓိကရဏ်း၊ ကိစ္စာဓိကရဏ်းတို့ကို ငြိမ်းစေခြင်းငှါ (သံဃ ဓမ္မ ပုဂ္ဂလ)မျက်မှောက်၌ သမ္မုခ ဝိနည်းဖြင့် ပြုရမည်ဖြစ်သော သမုခါ ဝိနယ တပါး။

၂။ ။ရဟန္တာ ပုဂ္ဂိုလ်အား သတိဝိနည်းကို ပေးရမည် ဖြစ်သော၊ သတိဝိနယ တပါး။

၃။ ။ရူးသွတ်သော ရဟန်းအား၊ အမုဠ္ဍ ဝိနည်းကို ပေးရမည် ဖြစ်သော၊ အမုဠ္ဍ ဝိနယ တပါး။

၄။ ။အာပတ် သင့်သော ရဟန်းအား၊ ဝန်ခံခြင်းဖြင့် ဆုံးဖြတ်ရမည်ဖြစ်သော ပဋိညာယ၊ ကာရေတဗ္ဗ တပါး။

၅။ ။ဓမ္မ ဝါဒီ ပုဂ္ဂိုလ်များရာသို လိုက်၍၊ ပြုရမည်ဖြစ်သော ယေဘုယျသိက တပါး။

၆။ ။ဥပဝါဋ္ဌ ရဟန်းကဲ့သို့ ယုတ်မာသောသူအား၊ ဥတ္တိစတုတ္ထကံဖြင့် ပြုရမည်ဖြစ်သော၊ တဿပါပိယျ သိက တပါး။

၇။ ။မစင်ကို မြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ ပြုရမည်ဖြစ်သော တိဏာဝတ္ထာရက တပါး။

အဓိကရဏ သမထ (၇) ပါး ပြီး၏။

### ရဟန်းတို့၏ ၂၂၇-ပါးသော သိက္ခာပုဒ်များပြီး၏။

ဤမျှဖြင့် ဒုလ္လဘ ပဗ္ဗဇိတ ဖြစ်ကြသော ရှင်သာမဏေနှင့် ရဟန်းတို့ အတွက် မြန်မာပြန်အပ်သော ဝိနည်း မြန်မာပြန် ကျင့်ဝတ် ပြီးသတည်း။

ဒုလ္လဘ ပဗ္ဗဇိတ ဝတ္တဒီပက

ဤ တွင် ပြီး ပြီ။

—— ၀ ——

## ကျေးဇူးရှင် အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး အနက် မြန်မာ ပြန်ဆိုရေးသားအပ်သော နေနတ်သား, လနတ်သားတို့၏ ဘုရားရှိခိုး

နမောတေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပ မုတ္တောသိ သဗ္ဗဓိ၊
သမ္ဗာဓ ပဋိပ္ပန္နော သ္မိ၊
တဿမေ သရဏံ ဘဝ။ ။

အနက်။ ။ဝီရ၊ ကြီးသော လုံ့လရှိတော်မူသော။ ဗုဒ္ဓ၊ မြတ်စွာဘုရား။ တေ၊ အရှင် ဘုရားအား။ နမော၊ ရှိသေမြတ်နိုး ရှိခိုးခြင်းသည်။အတ္ထု–ဘဝတု၊ ဖြစ်ပါစေသတည်း။ဘဂဝါ၊မြတ်စွာဘုရား။ တွံ၊ အရှင်ဘုရားသည်။ သဗ္ဗဓိ၊ တဏှာတည်းဟူသော တောင့်တခြင်းမှ။ ဝိပ္ပ မုတ္တော၊ စင်ကြယ်သန့်ရှင်း၊လွတ်ကင်းတော်မူသည်။ အသိ၊ ဖြစ်ပြီ။ ဘဂဝါ၊ မြတ်စွာ ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ သမ္ဗာဓ ပဋိပ္ပန္နော၊ ကျဉ်းမြောင်းခြင်းသို့ ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဘဂဝါ၊ မြတ်စွာ ဘုရား။ တွံ၊ အရှင် ဘုရားသည်၊ တဿမေ၊ ထိုအကျွန်ုပ်၏။ သရဏံ၊ ကိုးကွယ် လည်းလျောင်း၊ ပုန်းအောင်းမှီခိုရာသည်။ ဘဝ၊ ဖြစ်တော် မူလော့။ ။

## ရောင်ခြည်တော် ခြောက်ပါးရှိခိုး ဂါထာပါဠိအနက်

နီလဉ္စေဝ, ပီတဉ္စာပိ၊
လောဟိတဉ္စ, ပဘဿရံ၊
ဩဒါတဉ္စေဝ, မဥ္ဇဋ္ဌံ၊
သဒါ ဗုဒ္ဓံ အဟံနမေ။ ။

အနက်။ ။နီလဉ္စေဝ၊ လက္ခဏာတော် ကြီး ငယ်၊ ဆန်းတကြယ်တို့ဖြင့် သပ္ပါယ်တော်မူလှသော ကိုယ်တော်မြတ်၏ ရူပကာယတော်၌၊ ဆံတော် မုတ်ဆိတ်၊ မျက်လုံးတော် အစိဘ်တို့မှ၊ မိုဃ်းတိမ်ရိပ် အပေါ်မှာ,မော်ရော်ပုဆိုးကို ဖြန့်မိုးကာ လွှားသော အရောင်ကဲ့သို့၊

ညိုပြောင်ပြောင် တောက်လောင်သော၊ နီလ, ရောင်ခြည်တော်လည်း ရှိတော်မူထသော။ ပီတဥ္စာပိ၊ မျက်လုံးတော် တထွေ၊ အရေတော် တဝ၊ ရွှေသော ဌာနတို့မှ ရပ်ဒေသ အများ၌၊ ရွှေပုဆိုး ရွှေပြားတို့ကို၊ ဖုံးလွှမ်း၍ ထားလေသကဲ့သို့၊ ပြောင်ရွှေရွှေထွန်းပသော ပီတရောင်ခြည်တော်လည်း ရှိတော်မူထသော။ လောဟိတဥ္စ၊ နီနီ ထွေးထွေး,အသွေး အသားတော်အစိတ်တို့မှ၊ ကြိတ်ညက်သော ဆံမှုန့် နီတျာ, ကမ္ဗလာနီ ချိတ်ရည် အဆင်းကဲ့သို့၊ ချင်းချင်းနီ ထွန်းပသော လောဟိတ ရောင်ခြည်တော်လည်း ရှိတော်မူထသော၊ ပဘဿရဥ္စ၊ လျှပ်စစ် ပန်းအိမ်၊ ယှက်လိမ် ကွန့်ဖြိုးသကဲ့သို့၊ ပြိုးပြိုး ပြက်ပြက် တခဲနက် ထွန်းပသော ပဘဿရ ရောင်ခြည်တော်လည်း ရှိတော်မူ ထသော။ ဩဒါ တဥ္စဝ၊ သွားတော် လေးဆယ်၊ စွယ်တော် လေးချောင်း၊ ရိုးတော်ပေါင်း သစ်သစ်၊ ဖြူနစ်သော မျက်လုံးတော် အရပ်တို့မှ၊ ဓါတ်သာခွါ, ငွေရပ်ဝန်း အတူ၊ စန္ဒာရောင်ကြူကြူကဲ့သို့၊ ဖြူပြောင်ပြောင်ထွန်းပသော ဩဒါတရောင်ခြည်တော်လည်း ရှိတော်မူထသော။ မဥ္ဇဋ္ဌဥ္စ၊ လဝန်းတိမ်နှိပ် နေရိပ်တိမ်လျှောင်၊ တိမ်တောင်မီးခိုး၊ပိုးကတ္တီပါ၊ မဟူရာရောင် အပေါင်းကဲ့သို့၊ မောင်းမောင်းကြီး ထွန်းပသော မဥ္ဇဋ္ဌ ရောင်ခြည်တော်လည်း ရှိတော် မူထသော။ ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို။ သဒါ၊ အခါ ခပ်သိမ်း၊ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ဒွါရသုံးလီ စုံညီ မြတ်နိုး ရှိခိုးပါ၏။ ။

## ( ရေ ကပ် ရန် )

ရသ သမ္ဘန္န ဒကေတံ၊

တထာ ဂတဿ ဘုဥ္ဇိမံ၊

မုခေါ ဒကဥ္စ တေ ဘန္တေ၊

ဒဒါမဟံ ယထာ သုခံ။ ။

အနက်။ ။ဘန္တေ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်ကျေးဇူးသျှင် သခင်ဘုရား။ ဇတံရသ သမ္ပန္နဒကံ၊ ချိုမြိန်ရသာ ချမ်းအေးစွာနှင့်၊ ပြည့်စုံသော ဤရေချမ်းကိုရင်း။ဣမံမုခေါဒကဥ္စ၊ ဤမျက်နှာတော်ဆေး ရေချမ်း

အေးကိုင်း။ တထာဂတဿ၊ မဒေဖါက်မပြန် မှန်သောစကားကိုသာ ချိုသာနစ်နော ဟောပြောတော်မူတတ်သော။ တေ၊ အရှင်ဘုရား အား။ အဟံ၊ အကျွန်ုပ်သည်။ ဒဒါမိ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပါ၏။ ယထာသုခံ၊ ချမ်းသာစွာ။ ဘုဥ္စဘန္တေ၊ သုံးဆောင်တော်မူပါ အရှင်ဘုရား။ ။

ဆွမ်းတော်ကပ်

ဣဋ္ဌာ ရမ္မဏုဥပတိမံ၊
ခါဒနိယ သုဘောဇိတံ၊
ဝသိတ္ဘာ ဘုမ္မိ တွံ ဘန္တေ၊
ဒဒါမိ တေ သုအာသနေ။ ။

အနက်။ ။ဘန္တေ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်ကျေးဇူးသျှင်၊ သခင် ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဣဋ္ဌာ ရမ္မဏုပေတံ၊ အလိုရှိအပ် မြတ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့ နှင့်ပြည့်စုံကုန်လုံသော။ ဣမံ ခါဒနိယ သုဘောဇိတံ၊ ဤခဲဘွယ် ဘောဇဉ်ကို။ တေ၊ အရှင်ဘုရားအား။ ဒဒါမိ၊ သဒ္ဓါကြည်ဖြူကပ် လှူပါ၏။ တွံ၊ အရှင်ဘုရားသည်။ သုအာသနေ၊ နံ့သာထုံသင်း ကောင်းစွာ ခင်းထားအပ်သော ဤနေရာ အခင်း၌။ ဝိသိတ္ဘာ၊ ကောင်းမြတ်တင့်တယ်၊ စမ္ပါယ်တော်မူ၍။ ဘုဥ္စဘန္တေ၊ ဘုန်းပေးသုံး ဆောင်တော်မူပါ အရှင်ဘုရား။

ပန်းတော်ကပ်

နာနာဒါမေ တေ ဇိနဿ၊
နာနာဝဏ္ဏာ သုဂန္ဓိကေ၊
တထာဂတဿ တေ ဘန္တေ၊
ပူဇေမဟံ သဂါရဝံ။ ။

အနက်။ ။ဘန္တေ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်ကျေးဇူးသျှင် သခင် ဘုရား။ ဇိနဿ ဒေဝပုတ္တ၊ စသည်ပေါ်ထင်၊ မာရ်ငါးဖင်ကို ဒေအောင်

မြင်တော်မူထသော။ တထာဂတဿ၊ မဖေါက် မပြန် မှန်သော စကားကိုသာ ချိုသာနစ်နော ပြောဟောတော် မူထသော။ တေ၊ အရှင်ဘုရားအား။ နာနာဝဏ္ဏသုဂန္ဓိကေ၊ အထူးဆန်းကြယ်၊ရှုချင်ဘွယ်သော အဆင်း နတ်မဥ္ဇူပုံခင်း၍၊သင်းပျံ့လှိုင်ကြူကုန်သော။ ဧတေ နာနာဒါမေ၊ ပွင့်ညှာယှက်ဆိုင်၊ ရွက်ခိုင်ပန်းကပ် ယှက်ထပ်ပွင့်ငုံ၊ အစုံစုံကုန်သော ဤပန်းတို့ကို။ သဂါရဝံ၊ ရိုသေခြင်းနှင့်တကွ။ အဟံ၊ အကျွန်ုပ်သည်။ ပူဇေမိ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပါ၏ အရှင်ဘုရား။ ။

## ဆီမီးတော်ကပ်

ရံသိန္ဒြနာမကော ဇိန၊
ပဒီပေဝ ပဒီပတော၊
ဣမေပိ တေ ပဒီပေဟိ၊
ပူဇေမဟံ သဂါရဝံ။ ။

အနက်။ ။ပဒီပေဝ ပဒီပတော၊ နေလအရောင်၊ ရွှေတန်ဆောင် မီးကဲ့သို့၊ ထိန်ညီးဘောက်လောင်၊ ခြောက်ရောင်ခြည် တဝင်းဝင်း၊ ထွန်းလင်းတော်မူခြင်းကြောင့်။ ရံသိန္ဒြနာမကော၊ ရံသိန္ဒြိမည်တော်မူသော။ ဇိန၊ ငါးမာန်အောင်မြင်ဘုရားရှင်။ တေ၊ အရှင်ဘုရားအား။ ဣမေပိ ပဒီပေဟိ၊ ဤမီးတန်ဆောင် ပြောင်ပြောင်ဝင်းဝင်း၊ အရောင်အလင်းတို့ဖြင့်။ သဂါရဝံ၊ ရိုသေခြင်းနှင့်တကွ။ အဟံ၊ အကျွန်ုပ်သည်။ ပူဇေမိ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပါ၏ အရှင်ဘုရား။ ။

## ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း လိုရာ ကပ်လှူနည်း

ဗုဒ္ဓဿာ နေန ပူဇေမိ၊
ဝိပ္ပသန္နေန စေတသာ။
ထာမုနာ ပုညဿိမဿာ၊
နိဗ္ဗာနံ အ-မတံ လဘေ။ ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ကျွန်ုပ်သည်။ ဝိပ္ပသန္နေန၊ သဒ္ဓါဖြူစင်၊ အထူးကြည်လင်စွာသော။ စေတသာ၊ ပညာနှင့်ရော၊ မဟာကုသိုလ်ဇောစိတ်ဖြင့်။ ဗုဒ္ဓဿ၊ လေးသစ္စာပန်းဦးကို၊ ဆွတ်ခူးပန်ဆင်၊ ဘုရားရှင်အား။ အနေန၊ လှူစရာမြတ်လှ၊ ဤ ( ဆွမ်း-ဆီမီး-ပန်း-ရေချမ်း လိုရာကိုသွင်း) ဒါတဗ္ဗတ္ထုဖြင့်။ ပူဇေမိ၊ ကပ်လှူကော်ရော်၊ ပူဇော်ပါ၏။ ဣမဿ ပုညဿ၊ ယခု လောင်းပြု၊ ဤကောင်းမှု၏။ ထာမုနာ၊ ညောင်စေ့-ညောင်ပင်၊ ပုံတင်ပွားလမ်း၊ အားအစွမ်းကြောင့်။ အ-မတံ၊ သန္တကင်း၍၊ သေခြင်းမရှိသော။ နိဗ္ဗာနံ၊ ဆဲ့တစ်မီးဟုန်၊ ကုန်ငြိမ်းရာ အမှန်၊ မြတ်နိဗ္ဗာန်ကို။ လဘေ-လဘေယျာမိ၊ ဘဝမကြာ၊ ရပါလို၏ အရှင် ဘုရား။ ။

## ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း လိုရာ ကပ်လှူနည်း

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ကျွန်ုပ်သည်။ ဝဋ္ဋ၊ ဒုက္ခ ဝဋ္ဋ်မှ။ မောစနတ္ထာယ၊ လွတ်မြောက်ခြင်းအကျိုးငှာ။ ဣမံ၊ ဤ ( ဆွမ်း-ဆီမီး-ပန်း-ရေချမ်း လိုရာသွင်းပါ) ဟူသော လှူဘွယ် ဝတ္ထုကို။ ဗုဒ္ဓဿ၊ သစ္စာသိမြင် ၊ ဘုရားရှင်အား။ ဒမ္မိ၊ သဒ္ဓါဖွေးဖြူ၊ ပေးလှူပါ၏။ အနေန၊ ယခုစိုက်ပျိုး၊ ဤကောင်းမျိုးကြောင့်၊ သပ္ပုရိသ မနေဟိ၊ ရွှေထုပ် ပမာ၊ သူတော်ကောင်း ဥစ္စာတို့နှင့်။ သမ္ပန္နော၀၊ ခုနစ်ပါးစုပုံ၊ ပြည့်စုံသည်ဖြစ်၍ သာလျှင်။ ဒေဝ မနုဿ သမ္ပတ္တိံ၊ နတ်လူတို့စည်းစိမ်ကို။ လဘိတွာ၊ ရ၍။ နိဗ္ဗာနံ၊ တဏှာကင်းစဲ၊ ဆင်းရဲမကျန်၊ အမြိုက် နိဗ္ဗာန်သို့။ ပါပုဏေယျာမိ၊ နောက်ကျမကြာ၊ ရောက်ရရပါလို၏ အရှင် ဘုရား။ ။

---

## ( ပြင် ဖတ် ရန် )

စာမျက်နှာ ( ၁၈ ) အပိုဒ် ၁၂-၌၊ ( လမ်းမဟုတ်သော ခရီး ) အစား လမ်းဟုတ်သောဟု- ပြင်ပါ။

စာမျက်နှာ(၃၂) အပိုဒ် ၂-၌၊(ဖြတ်ပြီးနောက်)အစားပြတ်ပြီးနောက်ဟု ပြင်ပါ။